# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်၊ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၉)


| နိုင်ငံရေး ဦးတည်ချက်(၄)ရပ် | စီးပွားရေး ဦးတည်ချက်(၄)ရပ် | လူမှုရေး ဦးတည်ချက်(၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး |
| * အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး | * ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး | * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး | * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး | * နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ မင်္ဂလာဒုံမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)




# မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မင်္ဂလာဒုံ အထက(၅) ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲ တက်ရောက်ချီးမြှင့် ကျောင်းသား ကျောင်းသူလေးများ ကွန်ပျူတာလက်တွေ့အသုံးချလေ့ကျင့်နေမှု ကြည့်ရှုအားပေး

ရန်ကုန် အောက်တိုဘာ ၁၈

**ရန်ကုန်တိုင်း ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီ ၁၅ မိနစ်တွင် အဆိုပါကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေး ချီးမြှင့်သည်။**

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ✻

မြန်မာ့အလင်း

**ခေါင်းကြီးနှင့် ဆောင်းပါးအညွှန်း**

နိုင်ငံတော်က စိုက်ပျိုးရေရရှိရေး အစီအမံများ စနစ်တကျ ဆောင်ရွက်ပေးနိုင်မှုကြောင့် နိုင်ငံအတွင်းရှိ မြေလွတ် မြေရိုင်းဧက ငါးသန်းကျော်ကို ပြန်လည်စိုက်ပျိုးလုပ်ကိုင်နိုင်က စိုက်ပျိုးသီးနှံ အထွက်တိုးရေး မြင့်တင်နိုင်။
ခေါင်းကြီး(စာ-၂)

မိမိတို့ဒေသနှင့် ဒေသခံပြည်သူတို့၏ အကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်မည့် ဖွံ့ဖြိုးရေးခေါင်းဆောင်ငယ်များဖြစ်လာစေရန် ရည်ရွယ်ဆောင်ရွက်ပေးနေခြင်းဖြစ်။
**ငွေးလွင်(ဖွံ့ဖြိုးရေး)၏** ဆောင်းပါး(စာ-၃)

မြန်မာသက်ကြီးရွယ်အို အများစုမှာ မိသားစုနှင့်အတူ နေထိုင်လေ့ရှိကြပြီး အတူနေ သားသမီး၊ မြေးမြစ်များက သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်လေ့ရှိကြသည်။
**ဒေါက်တာတင်ထွန်းဦး၏** ဆောင်းပါး(စာ-၁၀)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်)

# ဒေသဝမ်းစာသာမက ပိုလျှံသည်ထက် ပိုလျှံအောင်စိုက်ပျိုး ဒေသခံတောင်သူလယ်သမားများက အားသွန်ခွန်စိုက်ကြိုးပမ်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ရေမြေသယံဇာတပေါများ ကြွယ်ဝသည့်နိုင်ငံဖြစ်သည်။ နိုင်ငံတော်၏ အဓိကစီးပွားရေးလုပ်ငန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားသည်။ ထို့ကြောင့် ပေါများကြွယ်ဝလှသည့် သဘာဝသယံဇာတများကို အစွမ်းကုန်အသုံးပြုပြီး အဆင့်မြင့်အထွက်တိုး မျိုးကောင်းမျိုးသန့်စိုက်ပျိုးခြင်း၊ မိရိုးဖလာစိုက်ပျိုးရေးမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းခြင်းစသည်တို့ကို ရည်မှန်းချက်ချမှတ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ဆန်စပါးစိုက်ပျိုးရေးစနစ်ကို ယခင်က တစ်နှစ်တစ်သီးသာ စိုက်ပျိုးရာမှ ယခုအခါ မိုးစပါး၊ နွေစပါးနှင့် ဆောင်းသီးနှံများ တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ နွေစပါးစိုက်ပျိုးရေးအစီအစဉ် စတင်ခဲ့သည့် ၁၉၉၂-၉၃ ခုနှစ်မှစပြီး ယခုအချိန်အထိ ဆန်စပါးကို တစ်နှစ်ပတ်လုံး စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်။ နိုင်ငံတော်က စိုက်ပျိုးရေရရှိရေး အစီအမံများ စနစ်တကျဆောင်ရွက်ပေးနိုင်မှုကြောင့် နိုင်ငံအတွင်းရှိ မြေလွတ်မြေရိုင်း ဧကေါသန်းကျော်ကို ပြန်လည်စိုက်ပျိုးလုပ်ကိုင်နိုင်ကာ စိုက်ပျိုးသီးနှံအထွက်တိုးရေးကို မြှင့်တင်နိုင်ခဲ့သည်။

လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အောက်တိုဘာလ ၁၃ရက်နေ့က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု စံပြကွက် ဧက ၂၀၀ စိုက်ခင်းအနီး၌ ကျင်းပသော ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၂၀၀၄-၂၀၀၅ ခုနှစ် မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးမှုတင်ပြသည့် အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားခဲ့သည်။

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မှာကြားရာတွင်-

**"စိုက်ပျိုးရေးဌာနမှ တာဝန်ရှိဝန်ထမ်းများ၊ တောင်သူလယ်သမားများ၊ လူမှုရေးအသင်းအဖွဲ့များက သူ့တာကိုယ့်တာ မခွဲခြားဘဲ မိမိတို့ပြည်နယ်အတွက်ပေးအပ်ထားသည့် စီးပွားရေးစီမံကိန်း အပြည့်အဝ အောင်မြင်အောင် အကောင်အထည်ဖော်ရန်နှင့် တာဝန်ပေးထားသည့် မိုးစပါးဧကလေးသိန်းပြည့်မီအောင် စိုက်ပျိုးရေးတို့အတွက် အားသွန်ကြိုးပမ်း ဆောင်ရွက်သွားကြရန်"**

ပြောကြားသွားသည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းများသည် ဒေသခံတောင်သူလယ်သမားများနှင့် အစဉ်အမြဲထိတွေ့ပြီး စိုက်ပျိုးရေးလျာထားချက်များ ပြည့်မီစေရန်အတွက် စိုက်ပျိုးရေးနည်းစနစ်များ၊ စိုက်ပျိုးရေးနှင့် သက်ဆိုင်သည့် ပညာပေးမှုများ ဖြန့်ဝေပေးရမည်ဖြစ်သည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မိုးစပါး ဧကလေးသိန်း စိုက်ပျိုးရန်လျာထားရာ ဒေသခံတောင်သူလယ်သမားများက စိုက်ပျိုးရေးဌာနမှ ဝန်ထမ်းများနှင့်လက်တွဲ၍ ဖိဖိစီးစီး လုပ်ကိုင်ကြရန်ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် စိုက်ပျိုးနည်းစနစ် လေးမျိုးဖြစ်သည့် စိုက်စနစ်မှန်ကန်ရေး၊ သီးနှံအလိုက် အထွက်ကောင်းမျိုးများ သုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် ဒေသထွက် မြေဩဇာများ ပေါင်းစပ်သုံးစွဲရေး၊ သီးနှံအလိုက် ရေတော်မိုးတော် စိုက်ဧကများတိုးတက်ရေးနှင့် စိုက်ပျိုးမြေ တိုးတက်ရေးအတွက် ကုန်းမြင့်လယ်ယာ ဖော်ထုတ်ရေးတို့ကို အလေးထားစီမံ လုပ်ကိုင်ကြရမည်ဖြစ်သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မိုးစပါးအပါအဝင် အစေ့ထုတ်ပြောင်း၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စားဖိုဆောင် သီးနှံနှင့် အခြားမိုးသီးနှံများကို ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ၂၇၂၁၅၂ ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ ၃၀၈၄၇၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး စပါး ၃၀၁၇၁ ဧက၊ အစေ့ထုတ်ပြောင်း ဧက ၂၉၁၀၊ ဖူးစားပြောင်း ၁၄၄ ဧက၊ ပဲပုပ် ၁၄၈၄ ဧက၊ ပဲစင်းငုံ ၆၂၉ ဧက၊ အခြားပဲ ၇၅၃ ဧက၊ မြေပဲ ၆၉၉ ဧက၊ နေကြာ ၂၈၉ ဧက၊ အာလူး ၂၀၉ ဧက၊ ငရုတ် ၂၂၇ ဧကနှင့် ဟင်းသီးဟင်းရွက် ၁၉၄ ဧက စုစုပေါင်း ၃၇၆၁၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်းသိရသည်။

သို့ဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်ပြီး ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒေသခံတောင်သူလယ်သမားများက စိုက်ပျိုးရေးဝန်ထမ်းများနှင့်လက်တွဲ၍ ဒေသဝမ်းစာဖူလုံရုံမျှသာမက ပိုလျှံသည်ထက် ပိုလျှံအောင် အားသွန်ခွန်စိုက် စိုက်ပျိုးလုပ်ကိုင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲ စည်းကမ်းချက်များထုတ်ပြန်

ရန်ကုန် အောက်တိုဘာ ၁၈

**၂၀၀၅ခုနှစ် မတ်၂၇ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ကဗျာနှင့်အနုပညာပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၏ ကဗျာပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီက တပ်မတော်နေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။**

နှစ်(၆၀)ပြည့်တပ်မတော်နေ့ဦးတည်ချက်များ၊ တပ်မတော်၏အစဉ်အလာကောင်းများကို ဖော်ကျူးသော အကြောင်းအရာများ၊ ကုန်းဘောင်ခေတ်(အေဒီ-၁၈၂၄ခုနှစ်)၊ လွတ်လပ်ရေးခေတ် (၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ)နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ်များမှ ခေတ်တစ်ခေတ်၏ ဇာတိဂုဏ်၊ အမျိုးဂုဏ်စသော သမိုင်းဝင်ဖြစ်ရပ်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဘာသာ၊ သာသနာဆောင်ရွက်မှုများ၊ တည်ဆောက်ပြုပြင်ရေးဆောင်ရွက်မှုများ၊ ငြိမ်းချမ်းရေးဆောင်ရွက်မှုများ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆောင်ရွက်မှုများစသည့် အကြောင်းအရာများကို ရေးဖွဲ့နိုင်သည်။

ကဗျာများကို အကဲဖြတ်ရာတွင် အကြောင်းအရာပိုင်း၊ တင်ပြပုံအပိုင်း၊ ရေးဖွဲ့ပုံအပိုင်းဟူသော အပိုင်းသုံးပိုင်းကို အခြေခံ၍ အမှတ်ပေးစနစ်ဖြင့် အကဲဖြတ်သွားမည်။

ကဗျာပြိုင်ပွဲကို အဆင့်(၁)နှင့် အဆင့်(၂)ဟူ၍ ခွဲခြားကျင်းပသွားမည်။ တပ်မတော်နေ့ကဗျာပြိုင်ပွဲ၊ အမျိုးသားဆောင်ပုဒ်များ ကဗျာပြိုင်ပွဲ၊ စာပေဗိမာန်စာမူဆုပြိုင်ပွဲနှင့် ပခုက္ကူဦးအုံးဖေ စာပေဆုကဗျာပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယရရှိခဲ့သူများနှင့် အမျိုးသားစာပေဆုရရှိသူများသည် အဆင့်(၁)တွင်လည်းကောင်း၊ အထက်ပါဆုများ မရရှိသေးသူများသည် အဆင့်(၂)တွင်လည်းကောင်း ယှဉ်ပြိုင်ရမည်။ ခြွင်းချက်အနေဖြင့် အထက်ပါဆုများ မရရှိခဲ့သော်လည်း မိမိဆန္ဒအလျောက် အဆင့်(၁)တွင် ယှဉ်ပြိုင်လိုပါက ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်တစ်ဦးသည် အဆင့်တစ်ဆင့်တွင်သာ ယှဉ်ပြိုင်ခွင့်ရှိပြီး မိမိယှဉ်ပြိုင်သည့် အဆင့်နံပါတ်ကို ကဗျာစာမူတွင် ထင်ရှားပီသစွာ ရေးသားဖော်ပြရမည်။

အဆင့်(၁)တွင် ကဗျာရှည်ပြိုင်ပွဲနှင့် ကဗျာတိုပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစားသတ်မှတ်ပေးထားရာ မည်သည့်အဆင့်တွင်မဆို ပြိုင်ပွဲဝင်တစ်ဦးသည် အမျိုးအစားနှစ်မျိုးစလုံးတွင်ဖြစ်စေ၊ ကြိုက်နှစ်သက်ရာတစ်မျိုးတွင်ဖြစ်စေ ပါဝင်ယှဉ်ပြိုင်နိုင်ခွင့် ရှိသည်။ သို့ရာတွင် အမျိုးအစားတစ်မျိုးတွင် ကဗျာတစ်ပုဒ်သာယှဉ်ပြိုင်ရမည်။

ကဗျာတိုတွင်ပါဒ ၁၀၀မှ ၃၀၀ထိ၊ ကဗျာရှည်တွင်ပါဒ ၁၀၀၀မှ၂၀၀၀ထိ ရေးစပ်နိုင်သည်။ကဗျာတိုတွင် ပါဒအပိုအလို ၃၀၊ ကဗျာရှည်တွင်ပါဒ ၅၀ သာခွင့်ပြု၍ ယင်းအချက်နှင့်မကိုက်ညီသော ကဗျာများကိုမစဉ်းစားပါ။

ကဗျာစပ်ထုံး၊ ကဗျာစပ်နည်းမှန်ကန်ရမည့်အပြင် ကာရန်မဲ့ကဗျာနှင့်မော်ဒန် ကဗျာများကို လုံးဝလက်မခံပါ။ ကဗျာစာမူကို စာမျက်နှာတစ်ဖက်တည်းတွင် သန့်ရှင်းသေသပ်စွာရေးသားပြီး မိတ္တူ နှစ်စောင်ပေးပို့ရန်ဖြစ်သည်။

ပြိုင်ပွဲဝင်သူ၏အမည်ရင်း၊ ကလောင်အမည်၊ မိဘအမည်၊ ပညာအရည် အချင်း၊ အလုပ်အကိုင်နှင့်နေရပ်လိပ်စာ ဟူသောအချက်ခြောက်ချက်နှင့်တကွ နှစ်လက်မ x နှစ်လက်မခွဲအရွယ် ရောင်စုံဓာတ်ပုံ သုံးပုံပူးတွဲပေးပို့ရမည်။

ဆုရကဗျာများကိုနိုင်ငံတော်ကသုံးစွဲခွင့်ရှိသည်။

ပင်ကိုရေးကဗျာဖြစ်ကြောင်းနှင့်ပုံနှိပ်ဖော်ပြခြင်းမရှိခဲ့ဖူးကြောင်း ဝန်ခံချက်ပါရှိရမည်။

စည်းကမ်းချက်နှင့်မညီသောစာမူများကို လက်ခံမည်မဟုတ်ပါ။

ပြိုင်ပွဲဝင်ကဗျာစာမူများ နောက်ဆုံးထားပေးပို့ရမည့်ရက်မှာ ၃၁-၁-၂၀၀၅ရက်ဖြစ်ပြီး ဒုတိယဗိုလ်မှူးကြီး အုန်းမောင်(ငြိမ်း)(မြင်းမူမောင်နိုင်မိုး) စာတည်းမှူးချုပ် နိုင်ငံ့ဂုဏ်ရည်စာပေတိုက် စာပေဗိမာန် ၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂ထံသို့လိပ်မူ၍ပေးပို့ကြရန် ကြေညာချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဆုထူးပန်ဗဟိုကျောင်းဆောင် ပြုပြင်ရန်အလှူငွေများလှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်တိုင်း တာမွေမြို့နယ် အမှတ် ၁၅ နတ်မောက်ရိပ်သာလမ်း ဆုထူးပန် ပရိယတ္တိရွှေကျင်ကျောင်းတိုက်အတွင်း သုခကာရီဗဟိုကျောင်းဆောင်ကြီး ပြုပြင်ရာတွင် စံကျောင်းတော်ကြီးကိုလည်း ပူးတွဲဆောက်လုပ်သွားမည်ဖြစ်ရာပါဝင်လှူဒါန်းလိုသူများသည်ဆုထူးပန်ပဓာနနာယကဆရာတော် ဘဒ္ဒန္တသလ္လာ အရှင်ပဏ္ဍိတ ဖုန်း-၅၄၅၉၈၀ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## မြဝတီရုပ်မြင်သံကြား

၁၉-၁၀-၂၀၀၄

(အင်္ဂါနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Coconut ပထမနှစ်-အင်္ဂလိပ်စာ (အထူးပြုအားလုံး)
၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၄။ မြန်မာ့ရှုခင်း
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပင်လယ်ကြီးလောက် ချစ်တယ်"** (အပိုင်း-၅)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာသိုက်နှင့် ရန်နိုင်ဓား"** (အပိုင်း-၁၆)

## မိုးကုတ်ဝိပဿနာ ၁၀ ရက်တရားစခန်းပွဲ

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကံဘဲ့ဘူတာရုံလမ်း မိုးကုတ်ဝိပဿနာဘုရားလေးကျောင်းတိုက်ကြီး၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အောက်တိုဘာ၃၀ရက်မှ နိုဝင်ဘာ၈ရက်(သီတင်းကျွတ်လပြည့်ကျော်၂ ရက်မှ ၁၁ ရက်)အထိ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်နာယက ဆရာတော်ဘဒ္ဒန္တအဂ္ဂဉာဏအရှင်မြတ်နှင့် တပည့် အရှင်ဩဘာသ (သာသနဓဇ သဒ္ဓမ္မနေပုည ဓမ္မာစရိယ-B.A)အင်းစိန် ပေါက်တောကျောင်း အရှင်မြတ်တို့က ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဟုသိရသည်။

**(က-ပ)**

# ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ နှစ်(၄၀)ခရီး

ဒွေးလွင်
(ဖွံ့ဖြိုးရေး)

၂၀၀၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ သက်တမ်း အနှစ် (၄၀) ပြည့်မြောက်တော့မည် ဖြစ်သည်။ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျှော်မှန်းတည်ထောင်ထားသည့် ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ရည်မှန်းချက်များမှာ မွန်မြတ်မြင့်မားသကဲ့သို့ တက္ကသိုလ်၏ လေ့ကျင့်သင်ကြားမှု အစီအစဉ်များမှာလည်း ထူးခြားလေးနက်လှသည်။ သင်တန်းသူ၊ သင်တန်းသားများကို အရည်အချင်းပြည့်ဝသည့် ဆရာ၊ ဆရာမများအဖြစ်သာမက ဒေသ၏ ဖွံ့ဖြိုးရေးခေါင်းဆောင်ငယ် စည်းရုံးရေးမှူးကောင်းများ၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာသူများ ဖြစ်လာစေရန် တက္ကသိုလ်က လေ့ကျင့်ပျိုးထောင်ပေးသည်။ တက္ကသိုလ်တွင် မဟာပညာရေးဘွဲ့သင်တန်း၊ မဟာဒဿန(ပညာရေး) ဘွဲ့သင်တန်း၊ မဟာပညာရေးဘွဲ့ အရည်အချင်းစစ်သင်တန်း၊ ပညာရေးဘွဲ့(၁)နှစ်သင်တန်း၊ ပညာရေးဘွဲ့(၄)နှစ်သင်တန်း၊ ပညာရေးဘွဲ့ ပေါင်းကူး(၂)နှစ်သင်တန်း၊ ဆရာအတတ်ပညာဒီပလိုမာသင်တန်း၊ အလယ်တန်းဆရာအတတ်သင်တန်း၊ မူလတန်းဆရာအတတ်သင်တန်းနှင့် အထူးမူလတန်းဆရာအတတ်သင်တန်းများကို ဖွင့်လှစ်ပေးထားသည်။

သင်တန်းသူ၊ သင်တန်းသားများသည် ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် သင်ရိုးများအတိုင်း စာပေဘာသာရပ်များနှင့် ဆရာအတတ်သင်ဘာသာရပ်များကို လေ့လာသင်ယူကြရသည်။ သင်တန်းအသီးသီးတွင် အရည်အချင်းပြည့်ဝသည့် မဟာဘွဲ့ရ ဆရာ၊ ဆရာမများက ခေတ်မီသင်ကြားသင်ယူမှု နည်းစနစ်များ အသုံးပြုပြီး သင်ကြားပို့ချပေးကြသည်။ ထို့ပြင် (e-Learning Centre, Language Lab, 0ver Head Projector , Multi-Media Projector)အစရှိသည့် အီလက်ထရောနစ်ပညာရေးဆိုင်ရာသင်ထောက်ကူပစ္စည်းများ တပ်ဆင်အသုံးပြုပြီး သင်ကြားလျက်ရှိသည်။ နိုင်ငံတော်က မျှော်မှန်းထားသည့် အရည်အချင်းပြည့်ဝသော ပညာရေးဝန်ထမ်းကောင်းများ ဖြစ်လာစေရန် မျှော်မှန်းလေ့ကျင့်ပေးနေခြင်း ဖြစ်သည်။ သင်တန်းသား လက်ခံသင်ကြားပေးမှုအပိုင်းတွင် ၁၉၆၄ ခုနှစ် သိပ္ပံအဆင့်ကာလတွင် တစ်နှစ်လျှင် သင်တန်းသား ၁၅၀ ဖြင့် မူလတန်းဆရာ အတတ်သင် (၄)နှစ်သင်တန်းများအတွက် စုစုပေါင်း ၆၀၀ သာ လက်ခံသင်ကြားနိုင်ခဲ့သော်လည်း ယခုအခါ တစ်နှစ်လျှင် သင်တန်းသား ၂၅၀ ဖြင့် ပညာရေးဘွဲ့ (၄) နှစ်သင်တန်းအတွက် စုစုပေါင်း ၁၀၀၀ အထိ လက်ခံသင်ကြားနိုင်ပြီဖြစ်သကဲ့သို့ တိုးချဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော ရှေ့တွင်ဖော်ပြထားသည့် အခြားသင်တန်းများတွင်လည်း တက္ကသိုလ်မှ နေရာထိုင်ခင်း ပံ့ပိုးနိုင်သမျှ လက်ခံလျက်ရှိရာ ပညာသင်နှစ် တစ်နှစ်လျှင် သင်တန်းသားဦးရေ ၁၄၀၀ နီးပါးအထိ သင်ကြားပေးလျက် ရှိသည်။

ထိုသို့သင်တန်းအမျိုးအစားနှင့် သင်တန်းသားဦးရေတိုးပွား လာသည်နှင့်အမျှ အုပ်ချုပ်မှုအပိုင်းတွင်လည်း တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ၁၉၆၄ ခုနှစ် သိပ္ပံစတင် ဖွင့်လှစ်ချိန်တွင် ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး အပါအဝင် ဆရာ ဆရာမ ၂၀ နှင့် အမှုထမ်း ၁၅ ဦး ရှိခဲ့ရာမှ ယနေ့ တက္ကသိုလ်အဆင့်တွင် ပါမောက္ခချုပ်က ဦးဆောင်၍ ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)တို့ နှစ်ဦး၏ အောက်၌ စီမံခန့်ခွဲရေးဆိုင်ရာ ဝန်ထမ်း ၁၈၄ ဦးနှင့် သင်ကြားရေးဆိုင်ရာဝန်ထမ်း ၃၄၈ ဦး စုစုပေါင်း ၅၃၅ ဦး ဝန်ထမ်းအင်အားရှိသော ဖွဲ့စည်းပုံဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထူးခြားချက်တစ်ရပ်မှာ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ လေ့ကျင့်သင်ကြားမှု အစီအစဉ်များတွင် ဖွံ့ဖြိုးရေးနှင့် အထူးဖွံ့ဖြိုးရေး ဘာသာရပ်များကို ပေါင်းစပ်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အဖွဲ့အစည်း စိတ်ဓာတ်ဖြစ်ပေါ်ပြီး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် သင်တန်းသူ၊ သင်တန်းသားများကို ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ တက်ရောက်ရန် ရောက်ရှိချိန်မှစ၍ ဖွဲ့စည်းထားသည့် ကျန်စစ်သားတပ်ခွဲ၊ ဘုရင့်နောင်တပ်ခွဲ၊ အလောင်းဘုရားတပ်ခွဲနှင့် ဗန္ဓုလ တပ်ခွဲအသီးသီးတွင် ဖြန့်ခွဲ ပါဝင်စေသည်။ တပ်ခွဲများတွင် တက္ကသိုလ်ရှိ သင်တန်းစုံ၊ တိုင်းရင်းသားစုံ ပါဝင်နိုင်အောင် စီမံပေးထားသည်။ သင်တန်းသူ၊ သင်တန်းသားများသည် တပ်ခွဲအသီးသီးတွင် ပါဝင်ပြီး မိမိတို့ သင်ယူတတ်မြောက်မှုများကို ဆန်းစစ်သည့် နှစ်စဉ် ကျင်းပပြုလုပ်သော ဘက်စုံပညာပြိုင်ပွဲများ၊ တပ်ခွဲပြိုင်ပွဲများတွင် တပ်ခွဲကို ကိုယ်စားပြု၍ ယှဉ်ပြိုင်ကြသည့်အခါ တပ်ခွဲအောင်မြင်မှုရရှိရေးအတွက် တစ်ဦးနှင့်တစ်ဦး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရာမှ အဖွဲ့အစည်းစိတ်ဓာတ်များ တိုးတက်ရရှိစေခဲ့သည်။



**ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ မျက်နှာစာတွင် ဘွဲ့ရ တိုင်းရင်းသား သွေးချင်း၊ သားချင်း ညီအစ်ကို၊ မောင်နှမများအား ဤသို့တွေ့ရသည်။**

အလားတူ တက္ကသိုလ်တွင် မိဘ အုပ်ထိန်းမှုစနစ်ကိုလည်း ကျင့်သုံးဆောင်ရွက်သည်။ မိဘက သားသမီး များကို အစစအရာရာ လမ်းညွှန်ဆုံးမ ပဲ့ပြင်သွားသည့်နည်းတူ ပညာရေးစနစ်၏ ဆရာ၊ မိဘ၊ ကျောင်းသားသုံးပွင့်ဆိုင် ညှိနှိုင်း အဖြေရှာ ပူးပေါင်းဆောင်ရွက်မှုတွင် ဆရာ ဆရာမများသည် ရပ်ဝေးရှိ မိဘများကိုယ်စား အုပ်ထိန်းပဲ့ပြင် သွန်သင်ဆုံးမပေးကြရသည်။ မိဘနှင့် ဝေးကွာ နေသည့် သင်တန်းသူ၊ သင်တန်းသားများအပေါ် မိဘများသဖွယ် အနီးကပ် သွန်သင်ပဲ့ပြင်ခြင်း၊ စေတနာဖြင့် အားပေးကူညီခြင်းဖြင့် ဆရာနှင့် တပည့် သံယောဇဉ်များနှောင်ဖွဲ့ပြီး မိသားစုစိတ်ဓာတ်များ ရှင်သန်ဖြစ်ထွန်းလာစေသည်။ **မိသားစုစိတ်ဓာတ်အပေါ် အခြေခံ၍ ပြည်ထောင်စုအတွင်း အေးအတူ ပူအမျှ ပူးပေါင်းနေထိုင်သွားလိုသည့် ပြည်ထောင်စုစိတ်ဓာတ်များ တိုးတက်ရှင်သန် ဖြစ်ပေါ်လာစေသည်။ သင်တန်းဆင်းများသည် တက္ကသိုလ်တွင် မိမိတို့နှလုံးသားဝယ် ကိန်းအောင်းပြီးဖြစ်သော ပြည်ထောင်စုစိတ်ဓာတ်ကို တိုင်းရင်းသားပြည်သူများအကြားတွင် ဆက်လက်ရှင်သန်ပြန့်ပွားအောင် ကြိုးပမ်းဖော်ဆောင်ခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပိုမိုတိုးတက်ခိုင်မာစေမည် ဖြစ်သည်။**

ဖွံ့ဖြိုးရေးတက္ကသိုလ်သည် သင်တန်းသူ၊ သင်တန်းသားများကို ပညာရေးဝန်ထမ်း စည်းရုံးရေးမှူးကောင်းများအဖြစ် လေ့ကျင့်ပေးရုံမက သင်တန်းဆင်းများကိုလည်း မိမိတို့ဒေသတွင် တာဝန်ထမ်းဆောင်ရင်း အဆင့်မြင့်ပညာများ ဆက်လက်သင်ယူနိုင်အောင် စီမံပေးထားသည်။ သိပ္ပံကာလနှင့် နှိုင်းယှဉ်ပါက သင်ကြားလေ့ကျင့်ပေးသော သင်တန်းအမျိုးအစားမှာ မူလတန်းဆရာအတတ်သင်တန်းသာမကဘဲ အလယ်တန်းဆရာအတတ်သင်တန်း၊ ပညာရေးဘွဲ့သင်တန်းနှင့် မဟာဘွဲ့သင်တန်းများကိုပါ တက္ကသိုလ်တွင် သင်ကြားလေ့ကျင့်ပေးနိုင်သည်အထိ အဆင့်မြင့်မားလာခဲ့သည်။ မူလတန်း ဆရာအတတ်

> ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် တိုင်းရင်းသား လူမျိုးများအကြားတွင် ပြည်ထောင်စု စိတ်ဓာတ်ရှင်သန်ခိုင်မာစေပြီး တိုင်းရင်းသားများ၏ လူမှုစီးပွားရေးဘဝများ မြင့်မားတိုးတက်လာအောင် ကြိုးပမ်းထမ်းဆောင်ကြမည့် အရည်အချင်းပြည့်ဝသည့် ပညာရေးဝန်ထမ်းစည်းရုံးရေးမှူးကောင်းများကို အစဉ်တစိုက် လေ့ကျင့် ပျိုးထောင်မွေးထုတ်ခဲ့သည်မှာ အနှစ် ၄၀ ကာလအတွင်း တိုင်းရင်းသား လူငယ် ၈၉၀၅ ဦးကို နိုင်ငံတော်၏ သားကောင်း သမီးမွန်များအဖြစ် လေ့ကျင့်မွေးထုတ်ပေးခဲ့ပြီး ဖြစ်သည်။

သင်တန်းဆင်းများသည် လုပ်ငန်းခွင်တွင် လုပ်သက်တစ်နှစ် တာဝန်ထမ်းဆောင်ပြီးပါက တက္ကသိုလ်တွင် ဖွင့်လှစ်သည့် အလယ်တန်းဆရာ အတတ်သင်တန်းသို့ တက်ရောက်နိုင်သည်။ စဉ်ဆက်မပြတ် သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းဖြစ်သည်နှင့်အညီ အဝေးသင်တက္ကသိုလ် တက်ရောက်၍ ဝိဇ္ဇာ၊ သိပ္ပံဘွဲ့များလည်းရယူနိုင်သည်။ ဘွဲ့ရပြီး အလယ်တန်းပြဆရာလုပ်သက် တစ်နှစ် (သို့မဟုတ်) မူလတန်းကျောင်းအုပ် လုပ်သက် တစ်နှစ်ပြည့်ပါက အမိဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ဖွင့်လှစ်ထားသည့် ပညာရေးဘွဲ့ တစ်နှစ်သင်တန်းသို့ တက်ရောက်၍ ပညာရေးဘွဲ့ကို ဆက်လက် ရယူနိုင်သည်။ စနစ်သစ်ဖြင့် သင်တန်းကာလသုံးနှစ်နှင့် မူလတန်းဆရာ အတတ်သင်တန်းဆင်းခဲ့ကြသည့် သင်တန်းဆင်းများသည် လုပ်သက်တစ်နှစ် တာဝန်ထမ်းဆောင်ပြီးပါက တက္ကသိုလ်တွင် ဖွင့်လှစ်ထားသည့် ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းသို့ တက်ရောက်ပြီး လုပ်ငန်းခွင်တွင် တစ်နှစ် ပြန်လည်တာဝန်ထမ်းဆောင်ရသည်။ ထို့နောက် ပညာရေးဘွဲ့(ပေါင်းကူး) နှစ်နှစ်သင်တန်းသို့ တက်ရောက်ပြီး ပညာရေးဘွဲ့ကို ရယူနိုင်သည့် အခွင့်အလမ်းရှိသည်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသည့် တိုင်းရင်းသားလူငယ်များ အနေဖြင့်မူ ပညာရေးဘွဲ့ လေးနှစ်သင်တန်း ဝင်ခွင့်စာမေးပွဲဖြေဆို အောင်မြင်ပါက ပညာရေးဘွဲ့ လေးနှစ် သင်တန်းသို့ တက်ရောက်ပြီး ပညာရေးဘွဲ့ရယူနိုင်သည်။ ဤသို့ နည်းလမ်း သုံးသွယ်ဖြင့် ပညာရေးဘွဲ့များကို တက္ကသိုလ်မှ အပ်နှင်းချီးမြှင့်ပေးလျက်ရှိသည်။

ဖွံ့ဖြိုးရေးတက္ကသိုလ်အနေဖြင့် ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများကို လေ့ကျင့်ပျိုးထောင်ရင်း တစ်ဖက်မှလည်း ပြောင်းလဲတိုးတက်လာသည့် နယ်စပ်ဒေသများတွင် နိုင်ငံတော်ကပေးအပ်သည့် တာဝန်များကို ကဏ္ဍစုံမှပါဝင်ထမ်းဆောင်နိုင်ရန် မူလတန်းဆရာအတတ်သင်တန်း အမှတ်စဉ် (၃၀)မှ (၃၅)အထိ သင်တန်းအပတ်စဉ်တစ်ခုလျှင် ထူးချွန်သင်တန်းသား ၃၀ ကို ရွေးချယ်ပြီး အခြားအသက်မွေးဝမ်းကျောင်းတက္ကသိုလ်များတွင် ဝင်ခွင့်စာမေးပွဲများ ဝင်ရောက်ဖြေဆိုစေခဲ့သည်။ အောင်မြင်သူများကို နိုင်ငံတော်၏ ထောက်ပံ့မှုဖြင့် ပညာသင်ယူနိုင်အောင် စီမံပေးခဲ့ရာ ဖော်ပြပါအတိုင်း တက္ကသိုလ်အသီးသီးတွင် သင်တန်းသား ၁၀၁ ဦး တက်ရာက်လျက်ရှိပြီး ၁၅ ဦးမှာ ဘွဲ့၊ ဒီပလိုမာရရှိကာ မိမိတို့ဒေသတွင် နိုင်ငံတော်က ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

| တက္ကသိုလ် | တက်ရောက်ဦးရေ | ဘွဲ့/ဒီပလိုမာရရှိဦးရေ |
|---|---|---|
| ဆေးတက္ကသိုလ် | ၂၁ | – |
| နည်းပညာတက္ကသိုလ် | ၁၁ | ၄/၁ |
| ကွန်ပျူတာတက္ကသိုလ် | ၄ | ၃ |
| သူနာပြုတက္ကသိုလ် | ၁၉ | ၃ |
| အခြေခံကျန်းမာရေးတက္ကသိုလ် | ၃၁ | – |
| စိုက်ပျိုးရေးတက္ကသိုလ် | ၇ | ၁ |
| ဆေးဘက်ပညာသည် တက္ကသိုလ် | – | ၁ |
| မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် | ၈ | ၂ |

အချုပ်အားဖြင့် တင်ပြရလျှင် **ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် တိုင်းရင်းသားလူမျိုးများအကြားတွင် ပြည်ထောင်စု စိတ်ဓာတ်ရှင်သန်ခိုင်မာစေပြီး တိုင်းရင်းသားများ၏ လူမှုစီးပွားရေးဘဝများ မြင့်မားတိုးတက်လာအောင် ကြိုးပမ်းထမ်းဆောင်ကြမည့် အရည်အချင်းပြည့်ဝသည့် ပညာရေးဝန်ထမ်းစည်းရုံးရေးမှူးကောင်းများကို အစဉ်တစိုက် လေ့ကျင့်ပျိုးထောင်မွေးထုတ်ခဲ့သည်မှာ အနှစ် ၄၀ ကာလအတွင်း တိုင်းရင်းသားလူငယ် ၈၉၀၅ ဦးကို နိုင်ငံတော်၏ သားကောင်း သမီးမွန်များအဖြစ် လေ့ကျင့်မွေးထုတ်ပေးခဲ့ပြီး ဖြစ်သည်။** သင်တန်းဆင်း မောင်မယ်များသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အတိုင်း နယ်စပ်ဒေသများတွင် လူ့စွမ်းရည်အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရမည့် တာဝန်၊ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားညီအစ်ကိုများ၊ လူမှုစီးပွားရေးဘဝများ တိုးတက်မြင့်မားလာအောင် ဆောင်ရွက်ပေးရမည့် တာဝန်နှင့် တိုင်းရင်းသား ပြည်သူများအကြား ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးအတွက် ဆောင်ရွက်ရမည့် တာဝန်တို့ကို ဦးလည်မသုန် ထမ်းဆောင်နေကြပြီဖြစ်သည်။

ဤသို့ နိုင်ငံတော်ကပေးအပ်သည့် ရည်မှန်းချက်တာဝန်များကို နှစ်ပေါင်း (၄၀)တိုင် ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့သည့် ဖွံ့ဖြိုးရေးတက္ကသိုလ်သည် အနာဂတ်တွင်လည်း နိုင်ငံတော်က မျှော်လင့်အားထားယုံကြည်ခြင်းခံရသည့် ပညာရေးဝန်ထမ်း စည်းရုံးရေးမှူးကောင်းများကို စဉ်ဆက်မပြတ်လေ့ကျင့်မွေးထုတ်ပေးနေသည့် တက္ကသိုလ်ကြီးအဖြစ် ဆက်လက်ရပ်တည်သွားနိုင်မည်ဟု ယုံကြည်မိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

သင်ကြားပေးခြင်းဖြစ်သည်။ ကာယပညာ၊ ဂီတအနုပညာ၊ စိုက်ပျိုးရေး၊ ပန်းချီအနုပညာ၊ စက်မှုလက်မှု၊ အိမ်တွင်းမှုသိပ္ပံ အစရှိသည့် ဖွံ့ဖြိုးရေးဘာသာရပ်များ၊ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းနှင့် စာရိတ္တပညာ၊ တိုင်းရင်းသားဘာသာနှင့် ယဉ်ကျေးမှု၊ မြန်မာ့ရိုးရာ ကိုယ်ခံသိုင်းပညာ၊ အခြေခံစစ်ပညာ၊ အခြေခံကျန်းမာရေး၊ ကျောင်းကျန်းမာရေး၊ တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေး၊ တိုင်းရင်းဆေး၊ ကွန်ပျူတာပညာ အစရှိသည့် အထူးဖွံ့ဖြိုးရေးဘာသာရပ်များကို သင်ကြားပို့ချပေးသည်။ မိမိတို့ဒေသနှင့် ဒေသခံပြည်သူတို့၏အကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်မည့် ဖွံ့ဖြိုးရေးခေါင်းဆောင်ငယ်များ ဖြစ်လာစေရန် ရည်ရွယ်ဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

ထို့အပြင် တိုင်းရင်းသားလူမျိုးများ အချင်းချင်း စည်းလုံးညီညွတ်မှုနှင့် ရင်းနှီးချစ်ကြည်မှုရှိရေး၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ပြန့်ပွားရေးအတွက် လေ့ကျင့်သင်ကြားမှုကိုလည်း တက္ကသိုလ် တွင် အလေးအနက် ဆောင်ရွက်လျက်

# မိုဆူးလ်မြို့၌ ကားဗုံးဖောက်ခွဲတိုက်ခိုက် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

**မိုဆူးလ် အောက်တိုဘာ ၁၆**

အီရတ်နိုင်ငံမြောက်ပိုင်း မိုးဆူးလ်မြို့တွင် ဗုဒ္ဓဟူးနေ့၌ အမေရိကန်စစ်ယာဉ်တန်းအနီးသို့ အတင်းဝင်ရောက်ကာ အသေခံကားဗုံးဖောက်ခွဲသူက ၎င်း၏ကားကို ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး၊ ငါးဦးဒဏ်ရာရရှိခဲ့ရာ ၎င်းတို့အနက် သုံးဦးမှာ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။

**တိုက်ခိုက်**

အမေရိကန်စစ်ယာဉ်တန်းသည် မွန်းလွဲ ၂း၂၀ နာရီခန့်၌ မြို့၏အရှေ့မြောက်ပိုင်းကို ဖြတ်မောင်းလာချိန် ဗုံးဖောက်ခွဲသူသည် ၎င်း၏ဖောက်ခွဲရေးပစ္စည်းများ တနင့်တပိုးတင်လာသောကားဖြင့် စစ်ယာဉ်တန်းအား အတင်းဝင်ဆောင့်တိုက်ခိုက်ခဲ့ကြောင်း အမေရိကန် စစ်ဘက်က ပြောကြားသည်။

**ပုံမှန်ပစ်မှတ်**

စစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ယင်းသို့ဖောက်ခွဲပြီးနောက် အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားကြောင်း ဆက်လက်ပြောကြားသည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်၏မြောက်ဘက် မိုင် ၂၄၀ခန့်အကွာရှိ အီရတ်နိုင်ငံ၏ တတိယအကြီးဆုံးမြို့ဖြစ်သော မိုဆူးလ်မြို့တွင် လမ်းဘေးဗုံးများနှင့် အသေခံကားဗုံးဖောက်ခွဲသူများ၏ ပုံမှန်ပစ်မှတ်ဖြစ်ခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

# မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ဘုရှ်နှင့်ကယ်ရီ နောက်ဆုံးအကြိမ် စကားစစ်ထိုး လူထုသဘောထားကောက်ယူရာ၌ ကယ်ရီအသာရနေ

ဝါရှင်တန် အောက်တိုဘာ ၁၆

**အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်နှင့် ဒီမိုကရက်တစ်အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီတို့ ဗုဒ္ဓဟူးနေ့ညက နောက်ဆုံးအကြိမ် စကားစစ်ထိုးခဲ့ကြပြီးနောက်ပြုလုပ်ခဲ့သော လူထုသဘောထားကောက်ယူချက်တွင် ကယ်ရီသည် ဘုရှ်ကို အပြတ်အသတ် အသာရခဲ့သည်။**

အရီဇိုးနားပြည်နယ် တင်မ်ပီ၌ မိနစ် ၉၀ကြာ စကားစစ်ထိုးပြီးလျှင်ပြီးချင်း တစ်နာရီအတွင်း လူထုသဘောထား ကောက်ယူကြည့်ရာတွင် သဘောထားဆန္ဒပေးသူ ၅၁၁ ဦး၏ ၅၂ရာခိုင်နှုန်းက ကယ်ရီအနိုင်ရကြောင်း ပြောဆိုကြပြီး၊ ၃၉ရာခိုင်နှုန်းက ဘုရှ်သည် အနိုင်ရသူဖြစ်ကြောင်း ပြောဆိုခဲ့ကြသည်။

**ပြည်တွင်းရေး**

သမ္မတဘုရှ်နှင့် ယှဉ်ပြိုင်ဘက် ဂျွန်ကယ်ရီတို့သည် တတိယအကြိမ် စကားစစ်ထိုးရာတွင် အလုပ်အကိုင်၊ ကျန်းမာရေးကုသမှုနှင့် လူမှုဖူလုံရေးကိစ္စရပ်များကဲ့သို့ ပြည်တွင်းရေးကိစ္စရပ်များကိုသာ ပြောဆိုခဲ့ကြသည်။

**ပြန်လိုက်နိုင်**

ဖလော်ရီဒါပြည်နယ်တွင် စက်တင်ဘာ ၃၀ ရက်၌ သမ္မတဘုရှ်နှင့် ပထမအကြိမ် စကားစစ်ထိုးပွဲအပြီးတွင် ဘုရှ်နှင့်လူထုသဘောထားကောက်ယူမှုတွင် ကွာဟခဲ့သည်ကို ကယ်ရီက ပြန်အဖတ်ဆယ်လိုက် နိုင်ခဲ့သည်။ မစ်ဆူရီ၌ အောက်တိုဘာ ၁၀ရက်ကပြုလုပ်သည့် ဒုတိယအကြိမ် စကားစစ်ထိုးမှု ရလဒ်မှာနှစ်ဦးစလုံးညီမျှနေခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# တောင်အာဖရိက လုံခြုံရေးဝန်ထမ်းနှစ်ဦး ဘဂ္ဂဒက်၌ ယာဉ်တန်းတိုက်ခိုက်ခံရသဖြင့် သေဆုံး

ဂျိုဟန်နက်စ်ဘတ် အောက်တိုဘာ ၁၆

**တောင်အာဖရိကလူမျိုး လုံခြုံရေးဝန်ထမ်းနှစ်ဦးသည် ဘဂ္ဂဒက်မြို့၏ တောင်ဘက်တွင် ၎င်းတို့၏ယာဉ်တန်း တိုက်ခိုက်ခံရသဖြင့် သေဆုံးခဲ့ကြောင်း တောင်အာဖရိက နိုင်ငံခြားရေးရာဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။**

သေဆုံးခဲ့သူ အဆိုပါဝန်ထမ်းနှစ်ဦးသည် အိုမီဂါရစ်ခ်ဆိုလူးရှင်း လုံခြုံရေးအဖွဲ့တွင် အလုပ်လုပ်ကိုင်ကြသူများဖြစ်သည်။

**၁၀ ဦးရှိပြီ**

ယခုနှစ်တွင် အီရတ်နိုင်ငံ၌ တောင်အာဖရိကလူမျိုး သေဆုံးသူစုစုပေါင်းအရေအတွက် ၁၀ဦး ရှိသွားပြီဖြစ်သည်။

၎င်းတို့သည် ဘဂ္ဂဒက်မြို့ပြင်ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်နှစ်ခုအကြား ယာဉ်တန်းဖြင့်သွားလာနေစဉ် အင်္ဂါနေ့ စောစောပိုင်း၌ အသတ်ခံခဲ့ရခြင်းဖြစ်ကြောင်း အိုမီဂါအရာရှိများ၏ ပြောကြားချက်ကို ဆောက်အာဖရိကန် ပရက်စ်အဆိုစီရေးရှင်း(အက်စ်အေပီအေ)က ကိုးကားဖော်ပြသည်။

**ဖော်ပြ**

ရဲတပ်ဖွဲ့ဝင်ဟောင်းတစ်ဦးနှင့် အခြား တောင်အာဖရိက တပ်ဖွဲ့ဝင်ဟောင်း တစ်ဦးဖြစ်ခဲ့ကြသော အဆိုပါ ပုဂ္ဂိုလ် နှစ်ဦးသာလျှင် တိုက်ခိုက်မှုတွင် သေ ဆုံးခဲ့ခြင်းဖြစ်ကြောင်း အက်စ်အေပီအေက ဖော်ပြသည်။

**အမ်အင်အေ၊ရိုက်တာ**



**ပျက်စီး**

**ဘဂ္ဂဒက်မြို့ အနောက်တောင်ဘက် ရဲစခန်းတစ်ခုအနီး ကားဗုံးပေါက်ကွဲမှုဖြစ်ပွား၍ ပျက်စီးသွားသည့်နေရာကို အောက်တိုဘာ ၁၅ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



**ဘာဆာရာမြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်များကို အောက်တိုဘာ ၁၅ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# တားမြစ်လက်နက်ဆိုင်ရာ ထောက်လှမ်းရေးသတင်း မှားယွင်းခဲ့မှု တိုနီဘလဲဝန်ချတောင်းပန်ရန် အတိုက်အခံပါတီများတောင်းဆို

လန်ဒန် အောက်တိုဘာ ၁၆

**အီရတ်၏ တားမြစ်လက်နက်များဆိုင်ရာ ထောက်လှမ်းရေးသတင်းကို ဝန်ကြီးချုပ်တိုနီဘလဲအစိုးရက ကိုင်တွယ်အသုံးပြုခဲ့သည့်နည်းလမ်းအတွက် ဝန်ကြီးချုပ်ဘလဲက ဝန်ချတောင်းပန်ရန် ဗြိတိန်အတိုက်အခံပါတီများက ဗုဒ္ဓဟူးနေ့တွင် တောင်းဆိုခဲ့ကြသည်။**

ဆဒ်ဒမ်ဟူစိန်သည် ဓာတုနှင့် ဇီဝလက်နက်များကို ၄၅မိနစ်အတွင်း ဖြန့်ချနိုင်ကြောင်း အခိုင်အမာပြောဆိုခဲ့သည်ကို ဗြိတိန်အစိုးရက ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောက ပါလီမန်၌ ပြောဆိုခဲ့ပြီးနောက် ယင်းတောင်းဆိုချက် ပေါ်ထွက်လာခဲ့သည်။

**ဝန်ခံ**

ဗြိတိန်အစိုးရက အီရတ်၏ တားမြစ်လက်နက်များဆိုင်ရာ ထောက်လှမ်းရေးသတင်းအချို့ မှားယွင်းကြောင်း ဝန်ခံခဲ့ပြီးဖြစ်သည်။

ဝန်ကြီးချုပ်ဘလဲက ထောက်လှမ်းရေးသတင်း မှားယွင်းမှုအတွက် ဝမ်းနည်းကြောင်း ပြောဆိုထားပြီးဖြစ်သော်လည်း နိုင်ငံရေးအတိုက်အခံများက အပြည့်အဝ ဝန်ချတောင်းပန်ရန် တောင်းဆိုလျက်ရှိကြသည်။

**အယုံကြည်မဲ့**

ဗြိတိန်အစိုးရက ထောက်လှမ်းရေးသတင်းအချို့ကို ပြန်လည်ရုပ်သိမ်းခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။ အီရတ်ကို စစ်ပွဲဆင်နွှဲရန် ဗြိတိသျှတပ်ဖွဲ့များ စေလွှတ်ခဲ့ခြင်းသည် တရားမျှတမှုရှိကြောင်း ဘလဲ၏ အကြောင်းပြချက်သည် ယခုအခါ အယုံအကြည်မဲ့စရာ ဖြစ်ခဲ့ရသည်။

**အမ်အင်အေ၊ ဆင်ဟွာ**

# လက်ဘနွန်နိုင်ငံသား ဓားစာခံနှစ်ဦး အီရတ်ပြန်ပေးသမားတို့ ပြန်လွှတ်ပေး

**ဘေရွတ် အောက်တိုဘာ ၁၆**

ပြီးခဲ့သည့်လက ဘဂ္ဂဒက်အနောက်ပိုင်း၌ ပြန်ပေးဆွဲခြင်းခံခဲ့ရသော လက်ဘနွန်နိုင်ငံသား နှစ်ဦးအား အီရတ်ပြန်ပေးသမားများက ပြန်လွှတ်ပေးလိုက်ကြောင်း ဘေရွတ်ရှိ နိုင်ငံခြားရေးရုံးက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

အဆိုပါ လက်ဘနွန် နှစ်ဦးသည် အီရတ်ယာဉ်မောင်း အာမက်မီဓာနှင့်အတူ စက်တင်ဘာ ၁၈ရက်က ဖော်လူဂျာမြို့အနီးအနားရှိလမ်းတစ်လမ်းပေါ်တွင် ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။

**ပြောကြား**

၎င်းအီရတ်ယာဉ်မောင်း၏ သတင်းမှာ ယခုအချိန်အထိ စုံစမ်း၍ မရသေးကြောင်း အဆိုပါ နိုင်ငံခြားရေးရုံးမှ ပြောကြားသည်။

**ပြုလုပ်**

အီရတ်နိုင်ငံတစ်ဝန်းတွင် လက်နက်ကိုင် ပြောက်ကျားများက နိုင်ငံခြားသားများအား ဓားစာခံအဖြစ် ပြန်ပေးဆွဲ ဖမ်းဆီးမှုများ မကြာခဏပြုလုပ်လျက်ရှိသည်။

**အမ်အင်အေ၊ရိုက်တာ**

# တောင်ရိုင်းတိရစ္ဆာန်များ တရားမဝင်ရောင်းဝယ်မှု ပိုမိုတိုက်ဖျက်သွားရန် အာဆီယံဝန်ကြီးများသဘောတူညီ

ဗန်ကောက် အောက်တိုဘာ ၁၇

**အာဆီယံအဖွဲ့ဝင် ဝန်ကြီးများသည် တောရိုင်းတိရစ္ဆာန်မျိုးစုံနှင့် အပင်များ တရားမဝင်ရောင်းဝယ်ကုန်သွယ်မှု(စီအိုင်တီအီးအက်စ်) တိုက်ဖျက်ရေးတွင် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ကိုင်မှုများ တိုးမြှင့်လုပ်ဆောင်ရန် တနင်္လာနေ့က ဗန်ကောက်မြို့တွင် ကတိပြုခဲ့ကြသည်။**

အဆိုပါ အစည်းအဝေးမှ စီအိုင်တီအီးအက်စ်ဆိုင်ရာကြေညာချက်တစ်စောင်ကို ပူးတွဲထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်သည် အာဆီယံဒေသတွင်း စာရင်းဝင်မျိုးစိတ်များ တရားမဝင် ရောင်းဝယ်မှုကို တားမြစ်ရန် လိုအပ်သော သဘောတူညီမှုနှင့် ပူးပေါင်းဆွေးနွေးမှုများကို အသိအမှတ်ပြုကြခြင်းဖြစ်သည်။

အဆိုပါ အာဆီယံဝန်ကြီးများသည် တောရိုင်းတိရစ္ဆာန်မျိုးစုံနှင့် အပင်များ ကုန်သွယ်မှု ဥပဒေထိန်းချုပ်ရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း များအကြား အနာဂတ်ပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုများကို သဘောတူညီခဲ့ကြသည်။

ယင်းဥပဒေထိန်းချုပ်ရေးတွင် သတင်းအချက်အလက်များ ဖြန့်ဝေရေးနှင့် ဒေသတွင်း ကော်မတီများ ထူထောင်ရန် ပါဝင်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

## နိုင်ငံတကာ သတင်းများ

## အာဆီယံအမြဲတမ်းကော်မတီအစည်းအဝေး လာအိုနိုင်ငံ ဗီယင်ကျန်း၌ ဖွင့်လှစ်

**ဟန္ဓိုင်း အောက်တိုဘာ ၁၇**

(၃၈)ကြိမ်မြောက် အာဆီယံအမြဲတမ်းကော်မတီ(အေအက်စ်စီ)၏ ပထမ အစည်းအဝေးကို လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ တနင်္လာနေ့တွင် ဖွင့်လှစ်လိုက်ကြောင်း လာအိုသတင်းရပ်ကွက်က တနင်္လာနေ့က ပြောကြားသည်။

**ဆွေးနွေးမည်**

သုံးရက်ကြာပြုလုပ်သည့် ယင်းအစည်းအဝေးတွင် အာဆီယံ ၁၀နိုင်ငံမှ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့သည် ဒေသဆိုင်ရာ အုပ်စုနှင့် ၎င်းတို့၏ဆွေးနွေးဖက်များအကြား ပူးပေါင်းဆက်ဆံရေးတိုးမြှင့်ရန် အစီအမံများအပေါ် ဆွေးနွေးကြမည်ဖြစ်သည်။ အာဆီယံဆွေး နွေးဖက်များ အဖြစ် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် ဥရောပသမဂ္ဂတို့ ပါဝင်ကြသည်။

ယင်းအစည်းအဝေးသည် အာဆီယံနှင့် ၎င်း၏ဆွေးနွေးဖက်နိုင်ငံများက ပူးတွဲဆောင်ရွက်သော စီမံကိန်းများ အကောင်အထည်ဖော်မှုကိုလည်း အကဲဖြတ်မည်ဖြစ်သည်။ အေအက်စ်စီသည် အာဆီယံအတွင်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနည်းလမ်းများကို ဆွေးနွေးရန်နှင့် လာမည့်လတွင် လာအိုနိုင်ငံ၌ (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ကျင်းပရန်အတွက် ပြင်ဆင်မှုများကို ပြန်လည်သုံးသပ်ရန် စီစဉ်ထားသည်။

အာဆီယံတွင် ဗီယက်နမ်၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့ပါဝင်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ကိုရီးယားစွမ်းအင်ကော်ပိုရေးရှင်း ဒေါ်လာသန်း ၃၅၀ ရင်းနှီးမြှုပ်နှံမည်

**ဂျာကာတာ အောက်တိုဘာ ၁၆**

ကိုရီးယား လျှပ်စစ်စွမ်းအင်ကော်ပိုရေးရှင်း(ကက်ပ်ကို)သည် အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်တွင် ဓာတ်ငွေ့စွမ်းအင်စက်ရုံ တည်ဆောက်ရေးအတွက် အမေရိကန် ဒေါ်လာသန်း၃၅၀ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ဒေသသတင်းစာတစ်စောင်က တနင်္လာနေ့တွင် ဖော်ပြသည်။

**မျှော်လင့်ထား**

၇၅၀မဂ္ဂါဝပ် ထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အား စွမ်းအင်စက်ရုံကို စီလီဂွန်းမြို့တွင် တည်ဆောက်မည်ဖြစ်ပြီး ၂၀၀၉ခုနှစ်တွင် စတင်လည်ပတ်ရန် မျှော်လင့်ထားကြောင်း ဘစ်နစ်အင်ဒိုနီးရှား သတင်းစာက ဖော်ပြသည်။

မိမိတို့သည် ကက်ပ်ကိုနှင့် နားလည်မှုစာချုပ်မူကြမ်းကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း နိုင်ငံပိုင် လျှပ်စစ်ကုမ္ပဏီ ပီတီပီရူဆာဟန်လစ်စရိုက်နီဂါရာ(ပီအယ်လ်အင်) ဥက္ကဋ္ဌ အက်ဒီဝီဒိုင်နို၏ ပြောကြားချက်ကို သတင်းစာက ကိုးကားဖော်ပြသည်။

ပီအယ်လ်အင်နှင့် ကက်ပ်ကိုတို့သည် ၂၀၀၃ခုနှစ်က နားလည်မှုစာချုပ်မူကြမ်းကို လက်မှတ်ရေးထိုးခဲ့ကြပြီး ယင်းစာချုပ်အရ ကက်ပ်ကိုသည် နှစ်စဉ်ဓာတ်ငွေ့တန်သုံးသန်းတင်သွင်းမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**



**ဂျပန်နိုင်ငံ အိုလံပတ်ကုမ္ပဏီမှ ထုတ်လုပ်သည့် ဒီဂျစ်တယ်ကင်မရာအသစ်ကို အောက်တိုဘာ၁၃ရက်က တိုကျိုမြို့၌ ပြသထားစဉ်။** (ယင်းဒီဂျစ်တယ်ကင်မရာသည် ကွန်ပျူတာသုံးစရာမလိုဘဲ အလွယ်တကူ ရွှေ့ပြောင်းနိုင်သော ပရင်တာတစ်လုံးပါ တပ်ဆင်ထားကြောင်း သိရသည်။)

**(ဓာတ်ပုံ-အင်တာနက်)**

## နိုင်ငံတကာဆိုင်ရာ ဘက်စုံယန္တရား ခိုင်မာတောင့်တင်းရေး တရုတ်နိုင်ငံက ဆောင်ရွက်မည်

**ပေကျင်း အောက်တိုဘာ ၁၇**

ကုလသမဂ္ဂကို မဏ္ဍိုင်ပြု၍ နိုင်ငံတကာဆိုင်ရာ ဘက်စုံယန္တရား ခိုင်မာတောင့်တင်းရေးအတွက် တရုတ်နိုင်ငံက အစဉ်သဖြင့် ကိုယ်တိုင်တာဝန်ယူ လုပ်ဆောင်သွားမည်ဟု သမ္မတဟူကျင်တောင်က ပေကျင်းတွင် အင်္ဂါနေ့၌ ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၌ အလည်အပတ်ရောက်ရှိနေသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်နှင့် တွေ့ဆုံဆွေးနွေးရာတွင် သမ္မတဟူကျင်တောင်က ထိုသို့ ပြောကြားခဲ့သည်။

ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲခြင်းနှင့် အရေးကြီးသောကဏ္ဍမှ ဆောင်ရွက်ခြင်းကို တရုတ်နိုင်ငံက ထောက်ခံမည်ဖြစ်သည့်ပြင် နိုင်ငံတကာဆိုင်ရာ အရေးကိစ္စများတွင် အတွင်းရေးမှူးချုပ်ပါဝင်ဆောင်ရွက် ဖြေရှင်းပေးခြင်းကိုလည်း တရုတ်နိုင်ငံက ထောက်ခံသွားမည်ဟု မစ္စတာဟူက ပြောကြားသည်။ ဘက်ပေါင်းစုံဝါဒနှင့် နိုင်ငံတကာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တောင့်တင်းခိုင်မာရေး လက်တွေ့လုပ်ဆောင်ဖို့အတွက် ကုလသမဂ္ဂသည် အရေးကြီးသော အဖွဲ့အစည်းဖြစ်ကြောင်း မစ္စတာဟူက ပြောကြားသည်။ ယင်းသို့အခြေအနေသစ်များရှိသည့် အလျောက် ကုလသမဂ္ဂအပေါ် နိုင်ငံတကာအသိုင်းအဝိုင်း၏ မျှော်လင့်အားထားချက်သည် ပိုမြင့်မားလာကြောင်း၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆိုင်သော ကိစ္စရပ်ကြီးများကို ကိုင်တွယ်ရာတွင် ခိုင်မာတောင့်တင်းသော ကုလသမဂ္ဂအဖွဲ့ကြီးအဖြစ် နိုင်ငံအားလုံးက လိုအပ်ကြောင်း သမ္မတဟူကျင်တောင်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## အာဆီယံ-တရုတ် နှစ်ဦးနှစ်ဖက် ရင်းနှီးမြှုပ်နှံမှု ပိုမိုခိုင်မာလာခဲ့

**စင်ကာပူ အောက်တိုဘာ ၁၇**

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)နှင့် တရုတ်နိုင်ငံတို့သည် ကုန်သန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍရပ်များ၌ အခွန့်ရှည်တည်တံ့စွာ နှစ်ဦးနှစ်ဖက်ကြွယ်ဝချမ်းသာစေမည့် အလားအလာကောင်းများရှိကြောင်း အာဆီယံဥက္ကဋ္ဌက တနင်္လာနေ့တွင် ပြောကြားသည်။

**ပံ့ပိုးပေး**

တရုတ်နိုင်ငံ၏ စီးပွားရေးကြွယ်ဝမှုသည် ခြိမ်းခြောက်ရန်မဟုတ်ဘဲ အာရှနိုင်ငံများ၏ စီးပွားရေး အခန်းကဏ္ဍများအား အေးချမ်းတည်ငြိမ် လုံခြုံချောမွေ့လိုက်ဖက်ညီစွာ ကူညီဆောင်ရွက်ပြီး ပံ့ပိုးပေးရန်ဖြစ်ကြောင်း အာဆီယံ အထွေထွေအတွင်းရေးမှူး အွန်ကင်ယွန်က တရုတ်စီးပွားရေး ခေါင်းဆောင်များညီလာခံ၌ အလေးပေး ပြောကြားသည်။

**ရရှိခံစား**

တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု စွမ်းအားဖြင့် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြု၍ ကမ္ဘာ့စီးပွားရေးစွမ်းအားကို ဖွံ့ဖြိုးစေမည်ဖြစ်ကြောင်းနှင့် ယင်းသို့ ဆောင်ရွက်ရာ၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အကျိုးအမြတ်များစွာ ရရှိခံစားရလိမ့်မည်ဖြစ်ကြောင်း အတွင်းရေးမှူးက ပြောကြားသွားသည်။

နှစ်ဦးနှစ်ဖက် စီးပွားရေးမျှော်မှန်းချက်များ အောင်မြင်ရေးအတွက် အာဆီယံ-တရုတ် လွတ်လပ်စွာကုန်သွယ်ရေးဒေသကို လက်နက်ကောင်းတစ်ရပ်အနေဖြင့် အသုံးပြုသွားမည်ဖြစ်ကြောင်း အာဆီယံအထွေထွေ အတွင်းရေးမှူးက ပြောကြားသည်။

၂၀၁၀ ပြည့်နှစ်၌ ထူထောင်မည်ဖြစ်သော အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်ရေးဒေသသည် အရှေ့အာရှနှင့် အာဆီယံဒေသတွင်း၌ ပိုမိုကျယ်ပြန့်သော စီးပွားရေးအုတ်မြစ်ကို ချပေးနိုင်လိမ့်မည်ဖြစ်ကြောင်း အာဆီယံအထွေထွေအတွင်းရေးမှူး အွန်ကင်ယွန်က ပြောကြားခဲ့သည်။ **(အင်တာနက်)**

## ကမ္ဘာပေါ်တွင် ကြံ့နက် ၄၀၀၀ သာ ကျန်ရှိ အမဲလိုက်သတ်ဖြတ်ခြင်း ကန့်ကွက်တားမြစ်

ကိတ်တောင်း အောက်တိုဘာ ၁၇

**ကမ္ဘာပေါ်၌ မျိုးသုန်းပျောက်ကွယ်တော့မည့် ကြံ့နက်များကို ကာကွယ်ထိန်းသိမ်းရန် အကောင်းဆုံးနည်းလမ်းနှင့်ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်သူများအကြား အငြင်းပွားလျက်ရှိသည်။**

ယခုအခါ ကောင်ရေ ၄၀၀၀ခန့်သာကျန်တော့သည့် ကြံ့များထိန်းသိမ်းရေး ရန်ပုံငွေအတွက် အချို့က အကန့်အသတ်ဖြင့် အမဲလိုက်ခြင်းကို ခွင့်ပြုသင့်ကြောင်း ပြောဆိုနေကြသည်။ ကြံ့နက်များသည် ရှားပါးပြီး တောနက်များ၌သာ ကျက်စားကာ ကွင်းပြင်သို့ ထွက်ခဲသည်။ တောင်အာဖရိကနိုင်ငံ အနောက်မြောက်ပိုင်း ဖီလန်စ်ဘာ့ဂ် အမျိုးသားဥယျာဉ်တွင်ကြံ့နက်ကောင်ရေ၆၀ကို ထိန်းသိမ်း စောင့်ရှောက်ထားလျက်ရှိသည်။

ကြံ့နက်များကို နိုင်ငံတွင်းရှိ ရှလွတ်ရှလူဝေးဒေသ၌ မွေးမြူစောင့်ရှောက်သည့် စီမံကိန်းတစ်ရပ် ဆောင်ရွက်လျက်ရှိပြီး ကောင်ရေ ၅၀၀ခန့် မွေးမြူထားနိုင်ပြီဖြစ်သည်။ ကြံ့နက်ရန်ပုံငွေအတွက် အကန့်အသတ်ဖြင့် အမဲလိုက်ခြင်းကို တိရစ္ဆာန်များ ထိန်းသိမ်းရေးဆိုင်ရာအဖွဲ့က ကန့်ကွက်တားမြစ်ထားသည်။ **(စီအင်န်အင်န်)**



**တရုတ်နိုင်ငံ ရှန်ဟဲမြို့၌ ယူဟန်နည်းပညာတက္ကသိုလ်မှ ထုတ်လုပ်သည့် လျှပ်စစ်စွမ်းအားသုံး မော်တော်ယာဉ်တစ်စီး စမ်းသပ်မောင်းနှင်ပြသနေမှုကို အောက်တိုဘာ ၁၃ ရက်က တွေ့ရစဉ်။** (ယင်းသို့ပြသမှုသည် မော်တော်ယာဉ်များ၏ ပတ်ဝန်းကျင်ဆိုင်ရာ တိုးတက်ရေးနှင့် တရုတ်နိုင်ငံ၏ကား ထုတ်လုပ်မှု တွင်ကျယ်လာစေရန်ဖြစ်သည်။) **(ဓာတ်ပုံ-အင်တာနက်)**

# အီရတ်အနောက်တောင်ပိုင်း၌ ကန်စစ်ဘက်ပို့ဆောင်ရေးရဟတ်ယာဉ်နှစ်စင်းပျက်ကျ လွန်ခဲ့သောနှစ်ရက်အတွင်း အီရတ်နိုင်ငံတစ်ဝန်း၌ ကန်တပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၁၆

**အီရတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် အမေရိကန်စစ်ဘက် သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်နှစ်စင်း စနေနေ့ညက ပျက်ကျခဲ့ရာ တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးကြောင်း၊ လွန်ခဲ့သည့်နှစ်ရက်အတွင်း အီရတ်နိုင်ငံတစ်ဝန်း၌ တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာတွင် သေဆုံးခဲ့သော အမေရိကန်စစ်မှုထမ်းအရေအတွက် ခြောက်ဦးရှိကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။**

အမေရိကန်စစ်ဘက် သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်များသည် စနေနေ့ ညဝနာရီခွဲ၌ ပျက်ကျခဲ့ခြင်းဖြစ်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း စစ်ဘက်ကကြေညာခဲ့ပြီး ဒဏ်ရာရရှိခဲ့သောတပ်ဖွဲ့ဝင်နှစ်ဦးကို ဆေးရုံသို့တင်ပို့ပေးခဲ့သည်ဟု ဆိုသည်။

**တိုက်ခိုက်**

အမေရိကန်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်မှု တစ်ခုမှာ အန်ဘာပြည်နယ် ဆီးရီးယားနယ်စပ်ရှိ ကိမ်မြို့တွင် သောကြာနေ့က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အသေခံကားဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင်သုံးဦးနှင့် အီရတ်စကားပြန်တစ်ဦး သေဆုံးခဲ့သည်။ ဘဂ္ဂဒက်မြို့၏ အစိမ်းရောင် ဒေသအတွင်း၌ ဗုံးနှစ်လုံး ကြာသပတေးနေ့က ဆက်တိုက်ပေါက်ကွဲခဲ့ရာ အမေရိကန် အရပ်သားသုံးဦးအပြင် အီရတ်ခြောက်ဦး သေဆုံးခဲ့သည်။

**ဗုံးကြဲ**

ထိုကဲ့သို့ ပေါက်ကွဲမှုဖြစ်ပြီးနောက် အမေရိကန်တပ်များက ဖော်လူဂျာမြို့အား ၁၂နာရီကြာ ဆက်တိုက်ဗုံးကြဲ တိုက်ခိုက်ခဲ့သည်။

**သေဆုံး**

အမေရိကန်တို့ကို တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး နောက်တစ်နေ့ဖြစ်သော စနေနေ့တွင် ကိမ်မြို့၌ စိန်ပြောင်းဖြင့် ပစ်ခတ်မှုကြောင့် အီရတ်လေးဦးသေဆုံးခဲ့ပြီး ၃၀ဒဏ်ရာရခဲ့ကြောင်း ဆရာဝန်တစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

# မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ဘဂ္ဂဒက်တွင် ဗုံးခွဲတိုက်ခိုက် ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၁၇

**ဘဂ္ဂဒက်မြို့တွင် ဗုဒ္ဓဟူးနေ့အစောပိုင်း၌ ဗုံးခွဲတိုက်ခိုက်ခံရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။**

အောက်တိုဘာ ၁၃ရက် နံနက် ၄း၅၀ နာရီခန့်တွင် လက်လုပ်ဗုံးတစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်သဖြင့် ဘဂ္ဂဒက်အနောက်ပိုင်းတွင် အထူးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း ကြေညာချက်၌ ဖော်ပြသည်။

**ထုတ်ပြန်**

ဘဂ္ဂဒက်အရှေ့ပိုင်းတွင် အခြားလမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က စောစောပိုင်းတွင် အခြားကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

**သေဆုံး**

၂၀၀၃ခုနှစ် မတ်လ၌ အီရတ် စစ်ပွဲစတင်ခဲ့သည့်အချိန်ကစပြီး အီရတ်တွင် ယခုအချိန်အထိ အမေရိကန်တပ်ဖွဲ့ဝင် ၁၀၈၈ဦးသေဆုံးခဲ့ကြောင်း ပင်တဂွန်က ထုတ်ပြန်သော ကြေညာချက်၌ ဖော်ပြထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# မိုဆူးလ်မြို့တွင် ကားဗုံးခွဲတိုက်ခိုက် ကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

**မိုဆူးလ် အောက်တိုဘာ ၁၇**

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် ကားဗုံးခွဲ တိုက်ခိုက်ခံရမှုဖြစ်ပွားရာ၌ ရရှိခဲ့သောဒဏ်ရာဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က စနေနေ့၌ ပြောကြားသည်။

**တိုက်ခိုက်**

ဖြစ်ပွားမှုမှာ မိုဆူးလ်မြို့ အရှေ့ဖက်နယ်မြေတစ်ခုတွင် အမေရိကန်စစ်ယာဉ်တန်းတစ်ခုကို သောကြာနေ့နံနက်က ကားဗုံးခွဲ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

**တိုးမြင့်လာ**

အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များက အီရတ်နိုင်ငံကို ပြီးခဲ့သည့်နှစ်က ကျူးကျော်စစ်ပွဲဆင်နွှဲခဲ့သည့်အချိန်မှစ၍ အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးမှုအရေအတွက်မှာ တိုးမြင့်လာလျက်ရှိသည်။

ယခုအချိန်အထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်စုစုပေါင်းမှာ ၁၀၈၈ ဦး ရှိသွားပြီဖြစ်သည်။

**အမ်အင်အေ၊ရိုက်တာ**

# ဘုရှ်သည် အတွေးအခေါ်နည်းသူနှင့် စည်းလွတ်ဝါးလွတ်နေသူဖြစ် ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီ ဝေဖန်ပြောကြား

လက်စ်ဗီးဂတ်စ် အောက်တိုဘာ ၁၇

**သမ္မတဂျော့ဒဗလျူဘုရှ်နှင့် သုံးကြိမ်မြောက် စကားစစ်ထိုးပွဲကျင်းပခဲ့ရာတွင် လူထုသဘောထားစစ်တမ်း၌ အနိုင်ရကြောင်း ဖော်ပြခြင်းခံခဲ့ရသည့် စိန်ခေါ်သူ ဒီမိုကရက်တစ်အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီက သမ္မတဂျော့ဒဗလျူဘုရှ်အား ထိတွေ့မှုမရှိသူ၊ အတွေးအခေါ်နည်းသူနှင့် စည်းလွတ်ဝါးလွတ်နေသူတစ်ဦးအဖြစ် ကြာသပတေးနေ့က ဝေဖန်ပြောကြားလိုက်သည်။**

မက်ဆက်ချူးဆက် အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီသည် နိုဝင်ဘာ ၂ရက်၌ကျင်းပမည့် ရွေးကောက်ပွဲအတွက် ၁၉ရက်ကြာ မဲဆွယ်စည်းရုံး ဟောပြောခဲ့ရာတွင် ဘုရှ်၏ ပြည်တွင်းရေးမူဝါဒများကို ဝေဖန်ဆန်းစစ်ကာ တိုက်ခိုက်ပြောဆိုခဲ့သည့်ပြင် သူ၏ မှတ်တမ်းမှတ်ရာနှင့် စပ်လျဉ်း၍ ဘုရှ် မမှန်မကန် ပြောဆိုခဲ့သည်များကို ထေ့ငေါ့ကာ ခွန်းတုံ့ပြန်ခဲ့သည်။

**ပိုင်ဆိုင်ခဲ့**

လေးနှစ်တာအကြာ၌ လုပ်အားခများ လျော့ကျခဲ့မှု၊ အလုပ်အကိုင်များ ဆုံးရှုံးခဲ့မှု၊ ကျန်းမာရေးစောင့်ရှောက်ပြုစုမှု ဆုံးရှုံးခြင်းတို့သည် သမ္မတကြီးရရှိပိုင်ဆိုင်ခဲ့မှုများ အားလုံးဖြစ်ပါသည်ဟူ၍ အိုင်အိုဝါပြည်နယ် ဒက်စ်မွိုင်းစ်၌ ကျင်းပသော လူထုအစည်းအဝေးတွင် ကယ်ရီက ပြောကြားခဲ့သည်။

ထို့ပြင် ဂျွန်ကယ်ရီသည် ဘုရှ်အား အရီဇိုးနားပြည်နယ် တမ်ပီ၌ ဗုဒ္ဓဟူးနေ့က ဘုရှ်နှင့် အတူပြုလုပ်သော တတိယနှင့် နောက်ဆုံး စကားစစ်ထိုးပွဲတွင် အနိုင်ရခဲ့ပြီး ၎င်းက သမ္မတဘုရှ်သည် နောက်လေးနှစ်တွင် သူ၏ စီးပွားရေးမူဝါဒအပေါ် လက်ခံနိုင်ခြင်းမရှိသော သာမန်အမေရိကန်နိုင်ငံသားများအား ထိခိုက်နစ်နာခံစေလျက် သူ၏တန်ခိုးကြီးထွားသော ရင်းရင်းနှီးနှီး အဆက်အသွယ်ရှိသော မိတ်ဆွေ အပေါင်းအသင်းများကို အကူအညီ ပေးခဲ့ကြောင်း ပြင်းပြင်းထန်ထန် ထိုးနှက်ခဲ့သည်။

**ပြောကြား**

ဂျော့ဘုရှ်သည် လေးနှစ်တာကာလတွင် အလုပ်ကြမ်းလုပ်ကိုင်ရသော မိသားစုများ၏ဘဝ ပိုမိုကောင်းမွန်စေရန် ဘာမျှ လုပ်ဆောင်ပေးခဲ့ခြင်း မရှိကြောင်းလည်း ကယ်ရီက လက်စ်ဗီးဂတ်စ်၌ ပြောကြားခဲ့သည်။

**အမ်အင်အေ၊ရိုက်တာ**



**စောင့်ကြပ်**

**ဘာဆာရာမြို့တွင် လုံခြုံရေး စောင့်ကြပ်နေသော ဗြိတိသျှ တပ်ဖွဲ့ဝင်တစ်ဦးကို အောက်တိုဘာ ၁၆ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# အာဖဂန်တွင် အကျဉ်းသားနှစ်ဦးသေဆုံးခဲ့ရမှု အမေရိကန်တပ်ဖွဲ့ဝင် ၂၈ဦး စစ်ဆေးခံရမည်

ဝါရှင်တန် အောက်တိုဘာ ၁၅

**အာဖဂန်နစ္စတန်နိုင်ငံတွင် လွန်ခဲ့သည့် နှစ်နှစ်က အကျဉ်းသားနှစ်ဦး သေဆုံးခဲ့ရမှုတွင် ပါဝင်ပတ်သက်ခဲ့မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၂၈ဦး စွဲချက်တင်စစ်ဆေးခံရမည်ဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ကြာသပတေးနေ့၌ ကြေညာသည်။**

**စုံစမ်းစစ်ဆေး**

၂၀၀၂ခုနှစ်ဒီဇင်ဘာ ၄ရက်နှင့် ဒီဇင်ဘာ၁၀ရက်တို့တွင် သေဆုံးခဲ့ကြရသော အာဖဂန်အကျဉ်းသားနှစ်ဦးကိစ္စကို ၂၂လကြာ စုံစမ်းစစ်ဆေးခဲ့ပြီးနောက် အမေရိကန်စစ်ဘက်က ယခုကဲ့သို့ ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

**ကြေညာ**

အဆိုပါအကျဉ်းသားနှစ်ဦး သေဆုံးခဲ့ရမှုနှင့်ပတ်သက်၍ အမေရိကန် စစ်ဘက်ဆိုင်ရာ ဆေးစစ်ချက်များနှင့် သေဆုံးခဲ့မှုများကို သေချာစွာ စစ်ဆေးခဲ့သည်ဟု အမေရိကန်စစ်ဘက်က ပြောကြားသည်။ အမေရိကန်နိုင်ငံ စင်စီနာကီပြည်နယ်တွင် အခြေစိုက်ထားသည့်အမှတ် ၃၇၇ အမေရိကန် အရန်တပ်ဖွဲ့မှ တပ်ကြပ်တစ်ဦးဖြစ်သူ ဂျိမ်းစ်ပီဘိုလန်ကို တာဝန်ဝတ္တရားပျက်ကွက်မှု၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများဖြင့် ဩဂုတ် ၂၃ရက်က တရားစွဲဆိုခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြီးခဲ့သည့်လက ကြေညာခဲ့သည်။

အီရတ်နိုင်ငံ အဘူဂါရိပ်အကျဉ်းစခန်းတွင် အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုများကြောင့် စစ်ဘက်စုံစမ်းစစ်ဆေးမှုများနှင့် အမေရိကန်တပ်ဖွဲ့ဝင်အချို့ ရင်ဆိုင်နေကြရကြောင်းနှင့် အမေရိကန် စစ်ရဲတပ်ဖွဲ့ဝင်ခုနစ်ဦးမှာလည်း အဘူဂါရိပ်အကျဉ်းစခန်း၌ အီရတ်အကျဉ်းသားများကို နှိပ်စက်မှုများနှင့်ပတ်သက်၍ စစ်ဆေးမှုများ ခံနေကြရကြောင်း စစ်ဘက်က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# လုံခြုံရေးစောင့်ကြပ်

**ဘဂ္ဂဒက်တောင်ဘက်တွင် ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော အီရတ်ရဲတပ်ဖွဲ့ မော်တော်ယာဉ်တစ်စီးအနီး လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို အောက်တိုဘာ ၁၆ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)








**မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။**

**(သတင်းစဉ်)**

**✻ ရှေ့ဖုံးမှ**

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များအား ကျောင်းသား ကျောင်းသူများက ဘင်ခရာအဖွဲ့၊ အကအဖွဲ့များနှင့် တွဲဖက်၍ မြန်မာ့ကျောင်းသီချင်းကို သီဆိုကာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ်များကိုကျင်းပရာ ကျောင်းသူလေး မဆုမြတ်တင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ယင်းနောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမြင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**စက်ခလုတ်နှိပ်ဖွင့်**

ဆက်လက်၍ မြန်မာနိုင်ငံပညာရေး ကော်မတီဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဘုရားခန်းနှင့် Electronic Media (Video) Room တို့ကို ကြည့်ရှုကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Computer Aided Instruction Room ၌ ဆရာမများ၏ ကြီးကြပ်မှုဖြင့် ကျောင်းသား ကျောင်းသူလေးများ ကွန်ပျူတာ လက်တွေ့အသုံးချ လေ့ကျင့်နိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

**လေ့ကျင့်နိုင်**

ထို့နောက်ကျောင်းသားကျောင်းသူ ၄၀ တစ်ပြိုင်တည်း လေ့ကျင့်နိုင်သည့် Language Lab Roomကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကွန်ပျူတာ ၁၀ လုံးဖြင့် သက်ဆိုင်ရာဘာသာရပ်များကို သင်ယူ လေ့ကျင့်နေကြသည့် Computer Application Room ကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ထို့နောက် Study Room၊ Electronic Media (Audio) Roomနှင့် ပန်းချီခန်းတို့ကို ကြည့်ရှုအားပေးကြသည်။

**ဂါရဝပြုပေးအပ်**

ဆက်လက်၍ မင်္ဂလာဒုံမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားဟောင်း တစ်ဦး၏ လက်ရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ပုံတူပန်းချီကားကိုကျောင်းသား ကျောင်းသူလေးများက အမှတ်တရ ဂါရဝပြုပေးအပ်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် အိမ်တွင်းမှုခန်းကို ကြည့်ရှုအားပေးကြသည်။

ထို့နောက်ကျောင်း၏မြတ်ရတနာ ခန်းမ၌ ဖွင့်ပွဲအစီအစဉ်များကို ကျင်းပရာ ကျောင်းသူ မတင်သီတာအေးက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်သည်။

အစီအစဉ်အရ ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ကျောင်းသား ကျောင်းသူလေးများက ဂီတ၊ ရသစွမ်းရည်များကိုပြသကြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ကျောင်းအုပ်ဆရာကြီး ဦးနေထွန်းက မင်္ဂလာဒုံမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၏ သမိုင်းအကျဉ်းနှင့် ကျောင်းသား ကျောင်းသူများအား ထူးချွန်ထက်မြက်သူများ ဖြစ်အောင် ဆရာဆရာမများက သင်ကြားလေ့ကျင့်ပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်က ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ တပ်ဆင်ဖွဲ့စည်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပညာရည်မြင့်မားရေး အထောက်အကူပြု ပစ္စည်းများအတွက် အလှူငွေပေးအပ်ခြင်း အစီအစဉ်ကို ကျင်းပရာ ကမ္ဘောဇဘဏ် လီမိတက်၏ လှူဒါန်းငွေကျပ်သိန်း ၆၀ ကို ကမ္ဘောဇဘဏ် လီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်းနိုင်က ကျောင်းအုပ်ဆရာကြီး ဦးနေထွန်းအား ပေးအပ်လှူဒါန်းသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ်နှင့် ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ် ကျောင်းအကျိုးတော်ဆောင် အဖွဲ့များက ငွေကျပ်သိန်း ၂၀စီ၊ လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေက ငွေကျပ်ငါးသောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးကံမြင့်(ငြိမ်း)နှင့်ဇနီးက ငွေကျပ်တစ်သိန်း၊ ဦးနေဝင်း-ဒေါ်ချိုချိုမြင့်(အီကိုဖလားဝါးထရိတ်ဒင်းကုမ္ပဏီ)က ငွေကျပ်တစ်သိန်း၊ ဦးအောင်ဝင်း(မင်္ဂလာဒုံတပ်မြို့ စည်ပင်သာယာ)နှင့်ဇနီးက ငွေကျပ်တစ်သိန်း၊ ဦးခင်မောင်ရင်(အုပ်ချုပ်မှုဒါရိုက်တာ ဖြိုးပြည့်ဝန်းကုမ္ပဏီ)က ငွေကျပ်နှစ်သိန်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမြင့်(နယူးရွှေစင် စိန်ရွှေရတနာဆိုင်)နှင့်ဇနီး ဒေါ်ခင်လေးရီတို့က ငွေကျပ် ၁၈၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းထံ ဦးလှိုင်စိုး(ကျောင်းအကျိုးတော်ဆောင်)-ဇနီး ဒေါ်စန်းစန်းငွေး(ရွှေတိုက်မိသားစု)၊ ဦးလှညွှန့်-ဒေါ်အေးအေးသိန်း(ရန်ပြေရွှေပြည်ဆားစက် ပုသိမ်)၊ ဦးအုံကူ-ဒေါ်ဝေဝေ(2 in 1 စားတော်ဆက်)၊ မင်္ဂလာဒုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ဦးခင်မောင်-ဒေါ်စိန်စိန်(တောင်ဥက္ကလာပမြို့နယ် ပညာရေးမှူး)နှင့် ဦးမောင်မောင်သောင်း-ဒေါ်ဝင်းကြည်(ကျောင်းအုပ်ကြီး၊ ငြိမ်း) ပညာအလင်းပြပုံနှိပ်တိုက်တို့က ငွေကျပ် တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမျိုးညွန့်ထံ ဦးထွန်းသာ (ခရိုင်အင်ဂျင်နီယာမှူး)-ဒေါ်ထွန်းမစိန် အထက-၅၊ မင်္ဂလာဒုံ၊ ဦးဘချို-ဒေါ်စောတင်(ချိုရတနာရွှေဆိုင်)၊ဒေါက်တာ စိုးလွင် ငြိမ်း ဒုတိယညွှန်ကြားရေးမှူး(ကူးစက်)-ဒေါ်အေးအေးသိန်းမိသားစု၊ ဦးအောင်သိန်း(မိဘဆရာအသင်း ဒုတိယဥက္ကဋ္ဌ)နှင့် ဒေါ်အေးအေးနိုင်၊ ဦးဝင်းကို-ဒေါ်ယုဇန(ထိပ်တန်းရွှေဆိုင်)၊ ဦးထိန်လင်း-ဒေါ်စန်းသီတာ၊ သားမောင်အောင်ဖြိုးသူ၊ ဦးဇော်မိုး-ဒေါ်ခင်မိုးလှိုင်၊ သား မောင်ကျော်စိုးဟန်( ရွှေခေါင်းလောင်းမိသားစု) တို့က ငွေကျပ် တစ်သိန်းစီ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍မင်္ဂလာဒုံတပ်နယ်မှူး တပ်မတော်ဆေးတက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်မင်းသိန်းထံ ဦးသက်နိုင်-ဒေါ်မာလာဦး(မင်းသီတာကုမ္ပဏီ)နှင့် ဦးအောင်မိုး-ဒေါ်စံစံအောင်၊ သမီး မသူသူမိုးဟန်တို့က ငွေကျပ် တစ်သိန်းစီ၊ ဦးခင်မောင်-ဒေါ်ဝိုင်းကြည် (Top Star )တံဆိပ်ရိုက်လုပ်ငန်း၊ ဦးဇော်လွင်နှင့်ဇနီး၊ ဦးယဉ်ဆန်း-ဒေါ်စိုးစိုးဝါ၊ သမီး မသက်ဖြူဖွေးခိုင်၊ ဦးမျိုးမွန်နှင့်ဇနီး၊ ကျောင်းသားဟောင်းများ ဖြစ်ကြသည့် မောင်ထွန်းမင်းဦး၊ မောင်ထွန်းလင်းစိုး၊ မောင်ဘုန်းမြတ်ကောင်းတို့က ငွေကျပ် ငါးသောင်းစီတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းထံ ဦးဝင်းကို-ဒေါ်စန်းစန်းတင့်၊ သား မောင်နောင်ထွန်းနိုင်၊ သမီး မမြစန္ဒီနိုင်၊ ဦးလှမြင့်- ဒေါ်ညွန့်ညွန့်ငွေး၊ ၂၀၀၂ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများဖြစ်ကြသည့် မနှင်းဝေဇင်၊ မောင်အောင်မျိုးဦး၊ မခင်ဖုန်းမို၊ မောင်ဇော်လွင်ဦး၊ မခိုင်ဝါလွင်ဦး၊ မောင်သော်ဇင်၊ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်း ငါးဘာသာဂုဏ်ထူးရှင် မဟန်သီသီဇော်၊ သုံးဘာသာဂုဏ်ထူးရှင် မအေးမြတ်သီရိ၊ ဦးကျော်ဝင်း-ဒေါ်အေးအေးခိုင်၊ သမီး မမေသူကျော်တို့က ငွေကျပ် ငါးသောင်းစီနှင့် စုပေါင်း အလှူငွေကျပ် ၁၈၉၀၀၀ ကို ပေးအပ်လှူဒါန်းကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ကျေးဇူးတင်စကားပြောကြားပြီး ဖွင့်ပွဲအစီအစဉ်များကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ ကျောင်းသား မိဘများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

**မှတ်တမ်းတင်**

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆရာဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဓာတ်မာန်သီချင်း သီဆိုနှုတ်ဆက်ကြသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး မင်္ဂလာဒုံမြို့နယ် အမှတ်(၅)အခြေခံ ပညာအထက်တန်းကျောင်းမှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့်ဇနီး ဒေါ်ခင်မြချစ်မိသားစုက ငွေကျပ်နှစ်သိန်း၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်နှင့်ဇနီး အထက(၅) မင်္ဂလာဒုံမှအထက်တန်းပြဆရာမ(ငြိမ်း) ဒေါ်အေးညွန့်ရွှေတို့က ငွေကျပ်ငါးသောင်း၊ဗိုလ်မှူးချုပ်သူရစိန်သောင်းနှင့်ဇနီးက ငွေကျပ်တစ်သိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဗိုလ်မှူးကြီး တင်စိုးနှင့်ဇနီးက ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက်ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်ထံ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒ



**မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)**

# အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၈**

လမ်းမတော်မြို့နယ် သရက်တောတိုက် နှစ်ကျိပ်ရှစ်ဆူကျောင်း၌ (၁၂ကြိမ်)မြောက် အသံမစဲမဟာပဋ္ဌာန်းပွဲကို အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက်အထိ နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုန္ဒာစရိယ ဦးဆောင်၍ သံဃာတော် ၁၅ ပါး ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ရာ မည်သူမဆို လာရောက်နာကြားနိုင်ကြောင်း သိရသည်။ **(က-ပ)**



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသော တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၏ ဆွမ်းဆန်တော်လှူဒါန်းပွဲတွင် ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)**

■ *ကျောဖုံးမှ*

### မြို့မိမြို့ဖများတက်ရောက်

အခမ်းအနားသို့ ရှမ်းပြည်နယ် သံဃနာယကအဖွဲ့ဝင် ဓမ္မောဒယ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ အာဒေဿနှင့် မြို့နယ်ဩဝါဒါစရိယ ကျိုင်းယင်းကျောင်း ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမာစာရတို့ အမှူးပြုသော ဆရာတော် သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များသည် မြို့နယ်ဩဝါဒါစရိယ ကျိုင်းယင်းကျောင်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမာစာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ လှူဒါန်းသောဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို ရှမ်းပြည်နယ်သံဃနာယကအဖွဲ့ဝင် ဓမ္မောဒယကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အာဒေဿထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်တို့သည် ရှမ်းပြည်နယ်သံဃနာယက အဖွဲ့ဝင် ဓမ္မောဒယကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အာဒေဿထံမှ ရေစက်ချအနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယခုကျင်းပသော တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများ၏ ဆွမ်းဆန်တော်လှူဒါန်းပွဲ အခမ်းအနားတွင် ကျိုင်းတုံမြို့ရှိ ပရိယတ္တိစာသင်တိုက် ၁၈တိုက်သို့ ဆွမ်းဆန်တော်၅၄ အိတ် လှူဒါန်းသည်။

### အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် နံနက် ၉ နာရီတွင် ကျိုင်းတုံမြို့ လေယာဉ်ကွင်းလမ်းရှိ မြို့တော်ခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် မိမိဦးဆောင်သည့်အဖွဲ့အနေဖြင့် ယခုလ၈ရက်နေ့ကတည်းက ရှမ်းပြည်နယ်အတွင်းရှိ ဒေသများ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို သိရှိရန်၊ ဒေသဝမ်းစာ ဖူလုံမှုအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကိုသိရှိပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးရန် လာရောက်ခြင်းဖြစ်ကြောင်း။

### ကာကွယ်စောင့်ရှောက်

ယနေ့ ကျိုင်းတုံမြို့ကြီး၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မြင်တွေ့ရသည်မှာ များစွာအားရဖွယ်ကောင်းလှကြောင်း၊ သို့သော်လည်း အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသေးသည်ကို တွေ့ရှိရသဖြင့် ပိုမိုကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ပြင် မိမိတို့တိုင်းရင်းသားလူမျိုးများ၏ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ မပျောက်ပျက်အောင်လည်း ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း။

နယ်စပ်ဒေသများမှာ တစ်ချိန်က လုံခြုံမှု၊ အေးချမ်းသာယာမှု၊ တရားဥပဒေ စိုးမိုးမှုမရှိခဲ့သဖြင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့ရာ မိမိတို့ တပ်မတော်အစိုးရ လက်ထက်ကျမှသာ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်း စသည့် စီမံကိန်းကြီး (၃)ရပ် ချမှတ် ဆောင်ရွက်ခဲ့ရာ နယ်စပ်ဒေသများနှင့် ကျေးလက်ဒေသများ အပါအဝင် နိုင်ငံတော်တစ်ဝန်းလုံးကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ယင်းသို့ နယ်စပ်ဒေသများ၊ ကျေးလက်ဒေသများ အပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းအားလုံး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒေသအုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များကို ပိုမိုပြီး ထိထိရောက်ရောက် မြှင့်တင်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုကြောင်း။

### စေတနာအပြည့်ထား

ထိုသို့ အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် ဒေသအသီးသီးတွင် ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများသည် အဓိကအရေးကြီးကြောင်း၊ နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေကြရသည့် ဝန်ထမ်းများသည် နိုင်ငံတော်အစိုးရက ချမှတ်ထားသည့် မူဝါဒများ၊ စီမံကိန်းများ၊ စီမံချက်များကို အောင်မြင်ဖြစ်ထွန်းစေရန် အတွက် နိုင်ငံတော်၏ ယန္တရားကြီးကို မှန်မှန် လည်ပတ်မောင်းနှင်နိုင်အောင် ဆောင်ရွက်ပေးနေကြရသူများဖြစ်သဖြင့် အဓိက အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေကြရသူများ ဖြစ်ကြသည့်အတွက် မိမိတို့၏ စိတ်ဓာတ်နှင့် ခံယူမှုအပိုင်း၊ ကျင့်ဝတ်နှင့် သိက္ခာစောင့်စည်းမှုအပိုင်း၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း ကျွမ်းကျင်မှုအပိုင်းနှင့် မိမိတို့ တာဝန်ထမ်းဆောင်ရသည့် ဌာနဆိုင်ရာ လုပ်ငန်းတွင် ကျွမ်းကျင်မှုအပိုင်းတို့တွင် ပြည့်စုံအောင်၊ အရည်အချင်းပြည့်ဝအောင် ကြိုးစားလေ့ကျင့်နေကြရန်လိုသည့်အပြင် ပေးအပ်သည့် တာဝန်များကို တာဝန်ကျေ ထမ်းဆောင်ရုံမျှမက စိတ်စေတနာအပြည့် အဝထားကာ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

ထို့ပြင် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသနေပြည်သူများအနေဖြင့် ဒို့တာဝန်အရေး(၃)ပါးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူ တည်ဆောက်သွားကြရမည်ဖြစ်သည့်အပြင် မွေးသည်မှ သေဆုံးသည်အထိ ထမ်းဆောင်သွားကြရမည့် မွေးရာပါ တာဝန်ဖြစ်သည်ဟု စိတ်နှလုံးထဲ စွဲမြဲစွာ ခံယူပြီး သေတပန်သက်တစ်ဆုံး ထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း။

### ပူးပေါင်းပါဝင်

ယခုအခါ မိမိတို့နိုင်ငံကို အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူများအားလုံးက ညီညီညွတ်ညွတ်ဖြင့် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

တွေ့ဆုံပွဲ အပြီးတွင် အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့မှ ရှမ်းပြည်နယ်(တောင်ပိုင်း) ဟဲဟိုးမြို့သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာကြရာ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ဟဲဟိုးလေဆိပ်သို့ ရောက်ရှိကြပြီး အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်အား ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဥက္ကဋ္ဌ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ဟဲဟိုးမြို့နယ် ဘော်နင်ကျေးရွာအုပ်စု အင်ခေါင်းကျေးရွာရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ဟဲဟိုးမျိုးပွားခြံ လယ်စပါးမျိုးပွားစိုက်ခင်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး စိုက်ခင်းတွင် စိုက်ပျိုးထားသော ရွှေရင်အေး၊ ရွှေ နံ့သာ(၉)၊ ဆင်းရွှေဝါ၊ Chai Nat-60၊ ရွှေမြန်မာ၊ နံ့သာမွှေးနှင့် ရွှေပြည်တန်စပါးမျိုးပွားစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်နှင့် စိုက်ကွင်းတာဝန်ခံများက ရေမြေသဘာဝနှင့်ကိုက်ညီသော ရွှေရင်အေးစပါးနှင့်ယှဉ်၍ ရေဆင်းစိုက်ပျိုးရေးသုတေသနမှ ထုတ်လုပ်သော ရွှေမြန်မာ၊ ရွှေပြည်တန်နှင့် ရွှေနံ့သာ(၉) စပါးမျိုးများ စမ်းသပ်စိုက်ပျိုးထားခြင်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဓာတ်မြေဩဇာ စမ်းသပ်ကွက်ကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ လက်ထောက်မန်နေဂျာ ဒေါ်သူဇာမြင့်က ရှင်းလင်းတင်ပြသည်။

### လေ့လာသုံးသပ်

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဓာတ်မြေဩဇာသုံး စမ်းသပ်ကွက်၊ ဓာတ်မြေဩဇာနှင့် ဒေသထွက် သဘာဝမြေဩဇာအချိုးညီ အသုံးပြုစမ်းသပ်စိုက်ကွက်နှင့် သဘာဝမြေဩဇာချည်းသာအသုံးပြုသော စမ်းသပ်စိုက်ကွက်များ ထူထောင်ပြီး ထွက်ပေါ်လာသည့် အခြေအနေများကို ကြည့်ရှုလေ့လာကာ စိုက်ခင်းတစ်ခုချင်းစီ၏ အားနည်းချက်၊ အားသာချက်များကို မှတ်တမ်းတင်ထားရှိပြီး မည်သို့ဆက်လက်ဆောင်ရွက်သင့်သည်ကို လေ့လာသုံးသပ်ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်နယ်၏ ဟဲဟိုးဒေသ စိုက်ပျိုးမွေးမြူရေးခြံသို့ ရောက်ရှိကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သက်ဦးက တပ်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ကျိုင်းတုံမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသော တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၏ ဆွမ်းဆန်တော်လှူဒါန်းပွဲတွင် ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)**





## ရေစက်ချ အမျှပေးဝေ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ကျိုင်းတုံမြို့ သာသနာ့ဗိမာန်တော်ကြီး၌ကျင်းပသော တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများ၏ ဆွမ်းဆန်တော်လှူဒါန်းပွဲတွင် ရှမ်းပြည်နယ် သံဃနာယကအဖွဲ့ဝင် ဓမ္မောဒယကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အာဇေယျထံမှ သာခုအနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်ချ အမျှပေးဝေစဉ်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တပ်မိသားစုများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်များပြားလာပြီး အကျိုးဖြစ်ထွန်းမှု ရရှိလာစေရေးအတွက် ဆောင်ရွက်ရန်ကိစ္စရပ်များကို သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တပ်နယ်အတွင်း မွေးမြူထားသော ဝက်မွေးမြူရေးခြံများကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

နယ်မြေခံတပ်နယ်၏ ဟဲဟိုးဒေသ စိုက်ပျိုးရေး၊ မွေးမြူရေးစခန်း၌ ၂၀၀၃–၂၀၀၄ ခုနှစ် စိုက်ပျိုးရာသီတွင် စပါး၁၀၃ဧက၊ ပြောင်းဧက ၁၄၀၊ ပဲစင်းငုံဧက ၁၄၀၊ အာလူး ၆၆ ဧက၊ ပဲရာဇာ၂၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဝက်မွေးမြူရေးခြံသုံးခြံတွင် Landrace Yorkshiroနှင့် Durocအမျိုးအစား ဝက်ကောင်ရေ၂၄၁ ကောင်ကို မွေးမြူထားကြောင်း သိရှိရသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဟဲဟိုး ဗဟိုစိုက်ပျိုးရေးခြံသို့ ရောက်ရှိကြရာ ခြံမန်နေဂျာ ဦးမောင်မောင်ရင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဂျုံစိုက်ခင်း၊ ကုန်းမြင့် (၄) ယာစပါးစိုက်ခင်း၊ ရွှေရင်အေးစပါးစိုက်ခင်း၊ ကုန်းမြင့်(၁) ယာစပါးစိုက်ခင်းနှင့် ကုန်းမြင့်(၂) ယာစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ခင်မောင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

### ကြိုးပမ်းဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စိုက်ပျိုးရေလုံလောက်စွာရရှိရေး ဆောင်ရွက်ရန်နှင့် ဒေသနှင့်ကိုက်ညီသည့် အထွက်ကောင်းမျိုးများ စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ယာစပါးစိုက်ပျိုးမှုမှာ လယ်စပါးစိုက်ပျိုးမှုထက် ပိုမိုများပြားသဖြင့် ရွှေရင်အေးစပါးမျိုးကို လယ်စပါးအဖြစ် စိုက်ပျိုးမှုသာမက ယာစပါးအဖြစ်စိုက်ပျိုး၍ ရ မရစမ်းသပ်စိုက်ပျိုးခဲ့ရာ လက်ရှိအနေအထားအရ ရွှေရင်အေးစပါးကို ယာစပါးအဖြစ် စိုက်ပျိုး၍ ရနိုင်ကြောင်းနှင့် တစ်ဧကအထွက်နှုန်းတင်း ၈၀ ခန့်အထိ ထွက်ရှိနိုင်ကြောင်း သိရသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) ၌ ၂၀၀၄–၂၀၀၅ ခုနှစ် မိုးရာသီတွင် လယ်စပါး ၂၄၃၁၀၁ ဧက၊ ယာစပါး ၂၄၅၈၅၅ ဧကနှင့် ကုန်းမြင့်ယာစပါး ၂၅၃၄၈ ဧက စုစုပေါင်း ၅၁၄၃၀၄ ဧကကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

### ပြန်လည်ရောက်ရှိ

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် (တောင်ပိုင်း) ဟဲဟိုးလေဆိပ်မှ မြန်မာ့လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာလာကြရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိ မြို့ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

**(သတင်းစဉ်)**

## အောင်ပွဲရဘဏ္ဍာအခွန်ဘောလုံးအသင်းအား ဂုဏ်ပြုပွဲ

**ရန်ကုန် အောက်တိုဘာ ၁၈**

အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့တွင် ၂၀၀၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၀ ရက်အထိ ကျင်းပခဲ့သည့် ၂၀၀၄ ခုနှစ် အကြိမ်(၁၁၀) မြောက် အိန္ဒိယဘောလုံးအဖွဲ့ချုပ် (အရှေ့ဘင်ဂေါ)ဖိတ်ခေါ်ပြိုင်ပွဲ၌ အနိုင်ရဗိုလ်စွဲခဲ့သည့် ဘဏ္ဍာ/အခွန်ဘောလုံးအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စက်မှု(၁)လမ်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတက်ရောက်၍ ဂုဏ်ပြုစကားပြောကြားသည်။

### တက်ရောက်

အဆိုပါအခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ၎င်းတို့၏ ဇနီးများ၊ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ အသင်းအုပ်ချုပ်သူများ၊ အသင်းနည်းပြများ၊ အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာဝန်ကြီးဗိုလ်ချုပ်လှထွန်းက ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အောင်ပွဲရအားကစားသမားများအား ချီးမြှင့်ငွေများကို တစ်ဦးချင်းပေးအပ်သည်။

ဆက်လက်၍ ဘဏ္ဍာ/အခွန်ဘောလုံးအသင်းခေါင်းဆောင် မျိုးလှိုင်ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

### ဂုဏ်ပြုညစာတည်ခင်း

ထို့နောက် အောင်ပွဲရဘဏ္ဍာ/အခွန်ဘောလုံးအသင်း၏ ဘောလုံးယှဉ်ပြိုင်မှုအခြေအနေများကို ဗီဒီယိုမှတ်တမ်းဖြင့် ကောက်နုတ်တင်ပြပြီး ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဒုတိယဝန်ကြီးဦးမောင်အောင်အား ယူအင်နအိပ်ချ်စီအာအဖွဲ့တွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၁၈**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်အား UNHCR မှ Assistant High Commissioner ဖြစ်သူ Mr. Kamel Morjane နှင့် Asia and the Pacific, New Director ဖြစ်သူ Ms. Janet Lim တို့သည် အဖွဲ့ဝင်များလိုက်ပါလျက် ယနေ့ညနေ၄နာရီတွင် ဝန်ကြီးများရုံးရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ ဂါရဝပြုသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးမောင်အောင်နှင့်အတူ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမောင်ဌေး၊ ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးမျိုးမင်းနှင့် တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်း တတိယဆုရ

**ရန်ကုန် အောက်တိုဘာ ၁၈**

၂၀၀၄ ခုနှစ် အကြိမ်(၂၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ လှုငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပသည်။

အဆိုပါ တတိယနေရာလုပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး တတိယဆုရရှိသွားသည်။

နောက်ဆုံးဗိုလ်လုပွဲအဖြစ် အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းတို့သည် အောက်တိုဘာ၂၀ရက် ညနေ၃နာရီတွင် ရန်ကုန်မြို့ လှုငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

- မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
- သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
- ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
- သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
- အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။



## သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆမှုများဖြစ်ပွားရာတွင် ယာဉ်၏ထိုင်ခုံတွင်ထိုင်၍ မောင်းနှင်စီးနင်းသူများအနေဖြင့် ခါးပတ်မပတ်ကြ၍ မလိုလားအပ်သော ထိခိုက်ဒဏ်ရာရ သေဆုံးမှုများ ဖြစ်ခဲ့ကြရပါသည်။ သို့ပါ၍ ခါးပတ်ပါရှိသော ယာဉ်များပေါ်တွင် မောင်းနှင်စီးနင်းသူများအနေဖြင့် ခါးပတ်ပတ်၍ စီးနင်းကြပါရန် သတိပေးနှိုးဆော်ခဲ့ပြီးဖြစ်သော်လည်း ယနေ့အထိ လိုက်နာခြင်းမရှိကြောင်းတွေ့ရသဖြင့် အလေးထားလိုက်နာဆောင်ရွက်ကြရန် ထပ်မံသတိပေး နှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။**

# သက်ကြီးရွယ်အို ကျန်းမာရေး

ယခုအခါ တိုးတက်လာသည့် လူ့သက်တမ်းနှင့်အညီ ကမ္ဘာပေါ်တွင် သက်ကြီးရွယ်အိုများ တိုးပွားလာသည်။ ထို့ကြောင့် အချို့က ကျွန်ုပ်တို့ ကမ္ဘာကြီးကို ငွေရောင်ဆံပင်ဖြူတို့ လွှမ်းမိုးရာ **'ငွေရောင်ကမ္ဘာ'** (Silver World)ဟုပင် တင်စားခေါ်ဝေါ်လေ့ ရှိကြသည်။

**သက်ကြီးရွယ်အို ဆိုသည်မှာ**

သက်ကြီးရွယ်အိုဆိုသည့် အရွယ်ကို အကြမ်းအားဖြင့် အငြိမ်းစား(ပင်စင်) ယူရသည့်အရွယ်ဟု အလွယ်မှတ်ယူနိုင်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အငြိမ်းစားယူရသည့် အရွယ်များမှာ ၅၅နှစ်ပြည့်မှ ၆၅နှစ်ပြည့် အထိ အမျိုးမျိုး ရှိကြ၏။ မြန်မာနိုင်ငံတွင် ယခင်က အသက်၅၅နှစ်ပြည့်လျှင် ပင်စင်ယူခဲ့ကြရာမှ ယခုအခါ ပင်စင်ယူရသည့်အရွယ်မှာ အသက်၆၀ ဖြစ်လာခဲ့သည်။

လူ့သက်တမ်း ပိုမိုရှည်လျားသည့် အချို့နိုင်ငံများတွင် အသက် ၆၅နှစ်နှင့် အထက်ကို သက်ကြီးရွယ်အိုဟု သတ်မှတ်ကြသော်လည်း နိုင်ငံအများစုတွင် အသက်၆၀ကျော်လျှင် သက်ကြီးရွယ်အိုဟူ၍ အသိအမှတ်ပြုကြသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့်လည်း ယခုအခါ အသက်၆၀အထက် လူကြီးသူမများကို သက်ကြီးရွယ်အိုဟူ၍ သတ်မှတ်ဖော်ပြလေ့ရှိသည်။

**ဇရာ၏ဖြစ်စဉ်**

ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ စသည့်အချက်များသည် လူသားတိုင်း ရှောင်လွှဲ၍မရသော ဖြစ်စဉ်များဖြစ်သည်။ ဇာတိ(ဖြစ်ခြင်း)မှ စခဲ့ပြီးနောက် ဇရာ(အိုခြင်း) (အိုမင်းရင့်ရော်ခြင်း)နှင့် ဗျာဓိ(နာခြင်း)(နာဖျားနှိပ်စက်ခံရခြင်း)တို့ ကပ်ပါလာခဲ့၍ မရဏ (သေဆုံးခြင်း)ဖြင့် နိဂုံးချုပ်ကြရသည်။

မွေးစကလေးအရွယ်၌ပင် မထင်ရှားသေးသော အိုမင်းမှုရှိခဲ့၍ အသက် ၂၀ ခန့်တွင် ကြီးထွားမှုရပ်တန့်ကာ အသက်၄၀ ကျော်မှစ၍ အနည်းငယ် သိသာလာခဲ့ပြီး အသက် ၆၀ ကျော် ၇၀ အရွယ်ခန့်တွင် ထင်ရှား သိသာသော အိုမင်းမှုကို ရင်ဆိုင်ကြရသည်။

အိုခြင်း၊ နာခြင်းတို့သည် သန္ဓေသားအရွယ်ကပင် စတင်ခဲ့သည်ဟု ဆိုနိုင်သော်လည်း ထင်ရှားသိသာသော အိုခြင်း၊ နာခြင်းတို့သည် အသက်အရွယ်ကြီးရင့်မှုနှင့် သက်ဆိုင်ကြ၏။ သေခြင်းတရားသည်ကား အသက်နှင့် မဆိုင်။ သေခြင်းတရားကို မည်သူမျှ အစိုးမရ။ မည်သည့်အရွယ်မဆို ရင်ဆိုင်ရနိုင်သည်။ **'ကွေးသောလက်မဆန့်မီ၊ ဆန့်သောလက်မကွေးမီ'**ဟူသော စကားရပ်ပင် ရှိသည်။

ဆေးပညာရှင်အချို့ကလူတို့တွင် **အသက်သုံးမျိုး** ရှိသည်ဟု ယူဆကြ၏။ ယင်းတို့မှာ–

(က) **အချိန်ကာလ နှစ်အလိုက် ကြီးပြင်းလာသည့် အသက်** (Chronological Age)

(ခ) **ဇီဝရုပ်ပိုင်းဆိုင်ရာ ဖြစ်ပျက်ပြောင်းလဲလာသည့် အသက်** (Biological Age)နှင့်

(ဂ) **စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲလာသည့် အသက်** (Psychological Age)တို့ ဖြစ်ကြသည်။

ယင်းတို့တွင် အများသိနေကြသည့် သတ်မှတ် ထားကြသည့် အချိန်ကာလ နှစ်အလိုက် ကြီးပြင်းလာသည့် အသက် (ရိုးရိုးအသက်)မှာ နှစ်စဉ် မိမိမွေးနေ့ ရောက်တိုင်း ကြီးရင့်လာသည့် အသက်ဖြစ်၍ အချိန်ကာလ ယန္တရားကို ရပ်တန့်ခြင်းငှာ မစွမ်းသာသဖြင့် မတားဆီးနိုင်သော၊ ပြန်လည်လျော့နည်းမသွားနိုင်သော အသက်ဖြစ်သည်။ ဇီဝအသက်နှင့် စိတ်ပိုင်းဆိုင်ရာ အသက်တို့ကိုမူ ကြိုတင်ကာကွယ် တားဆီးထားနိုင်သည်။ ပြုပြင်ပြောင်းလဲနိုင်သည်။

သက်တူရွယ်တူ လူတစ်ဦးစီ၏ ဇီဝအသက်တို့သည် အချင်းချင်းမတူညီနိုင်ပေ။ ဥပမာအားဖြင့် အသက် ၆၀ ရှိ လူတစ်ဦး၏ ဇီဝအသက်မှာ ၇၀ ခန့်ရှိပြီး အလွန်အိုစာနိုင်သလို အခြားအသက် ၆၀ အရွယ် လူတစ်ယောက်တွင် ဇီဝအသက် ၅၀ခန့်သာရှိပြီး နုပျိုကာ ဖျတ်ဖျတ်လတ်လတ် သွားလာလှုပ်ရှား နိုင်သည်ကို တွေ့မြင်နိုင်သည်။

ထို့အတူ သက်တူရွယ်တူ လူတို့၏ စိတ်ပိုင်းဆိုင်ရာ အသက်မှာလည်း တစ်ဦးနှင့်တစ်ဦး မတူညီနိုင်ပေ။ အသက်၆၀တွင် အချို့က စိတ်ပိုင်းဆိုင်ရာ အသက် ၄၅နှစ်သာရှိပြီး တက်ကြွလန်းဆန်းနေနိုင်သလို အချို့က စိတ်ပိုင်းဆိုင်ရာ အသက် ၇၀ ခန့်ရှိပြီး စိတ်အားငယ်၊ စိတ်ဓာတ်ကျနေတတ်သည်လည်း ရှိ၏။

ဆိုလိုသည်မှာ လူတစ်ယောက်နှင့် တစ်ယောက် အိုမင်းရင့်ရော်မှုနှုန်း မတူနိုင်သဖြင့် အချိန်ကာလအားဖြင့် အသက်၆၀ကျော်လာသော်လည်း မအိုအောင်၊ မနာအောင်၊ စိတ်ရွှင်လန်းတက်ကြွနေအောင် တတ်နိုင်သမျှ ကာကွယ်ပြုပြင် တားဆီးနိုင်သည်။ ဇရာကို လွန်ဆန်၍ မရသော်လည်း တတ်နိုင်သမျှ ရောက်မလာအောင် ကာကွယ်တားဆီးနိုင်သည်။ အချိန်ဆွဲထားနိုင်သည်။

**ပြင်ပပုံပန်းသဏ္ဌာန် ပြောင်းလဲလာခြင်း**

သက်ကြီးရွယ်အိုများတွင် အောက်ပါအတိုင်း သိသာသော ပြင်ပပုံပန်း သဏ္ဌာန် ပြောင်းလဲမှုများစွာ ရှိသည်။

ခန္ဓာကိုယ်အတွင်း၌ **အဆီဓာတ်ပါဝင်မှု** အချိုးအဆများလာ၍ ရှိသင့်ရှိထိုက်သည့် နေရာတွင်မရှိဘဲ ခြေလက်များတွင် အဆီနည်းလာပြီး ဗိုက်နှင့်ခါးတို့တွင် အဆီများ စုလာတတ်သည်။ မျက်နှာ၌ အရေပြားပျော့တွဲပြီး မျက်လုံးအောက်၊ ပါးမေးအောက်တို့တွင် အဆီများစုလာသည်။ အချို့ဝသော သူများတွင် မေးနှစ်ထပ် ဖြစ်လာသည်။

အရေပြားတွင် အဆီနှင့် ရေဓာတ်လျော့လာပြီး အရေပြားများ ပါးလွှာကာ လျော့ရိလျော့ရဲ ဖြစ်လာသည်။ အတွန့်အခေါက်များ ဖြစ်လာသည်။ အစက်အပြောက်များ၊ မှဲ့ခြောက်များ၊ တင်းတိပ်များ ပေါ်လာတတ်၏။

ခန္ဓာကိုယ်၏ သွေးလှည့်ပတ်မှုများ လျော့နည်းလာခြင်း၊ ကြွက်သားဆိုင်ရာ အာရုံကြောများ ပျက်စီးလာခြင်း၊ အမျိုးသားတို့တွင် ဖိုဟော်မုန်းဓာတ်များ လျော့နည်းလာခြင်းတို့ကြောင့် သက်ကြီးရွယ်အိုများတွင် ကြွက်သားထုထည် (Mass) တဖြည်းဖြည်း လျော့နည်းလာပြီးနောက် အရိုးကိုပင် ကြွက်သားများက လုံအောင်မဖုံးနိုင်တော့သည့် အဆင့်အထိ ရောက်လာရလေသည်။ ခန္ဓာကိုယ် တည့်မတ်အောင် ထိန်းပေးနိုင်သော နောက်ကျောကြွက်သားများ အားနည်းလာခြင်းနှင့် အရွတ်များ (Ligaments)မသန်မာတော့ခြင်းတို့ကြောင့် သက်ကြီးရွယ်အိုများတွင် ခါးကိုင်းလာလေ့ရှိသည်။ ခါးကိုင်းလာခြင်း၊ အရိုးအဆစ်နှင့် ကျောရိုးဆစ်ချပ်ပြားဝိုင်းများ (Intervertebral Discs) တွင် ရေဓာတ်လျော့လာခြင်းတို့ကြောင့်လည်း လက်မအနည်းငယ်ခန့် အရပ်နိမ့်လာလေ့ရှိသည်။

လက်တုန်ခေါင်းတုန် ဖြစ်လာတတ်၍ ခြေလက်ကြွက်သားများ အားနည်းလာခြင်းကြောင့် လှုပ်ရှားမှုများ နှေးကွေးလာပြီး အချို့မှာ လမ်းလျှောက်ရာ၌ပင် တွဲ၍လျှောက်ရသည့်အဆင့် ရောက်ရလေသည်။

ဆံပင်၏ အနက်ရောင်ခြယ်ပစ္စည်း (Melanin) ထုတ်လုပ်မှုလျော့နည်းပြီး ဆံပင်များ ဖြူလာကြသည်။ အထူးသဖြင့် နားထင်မှစ၍ ဖြူလေ့ရှိကြသည်။ ဆံပင်များကျွတ်လာ၊ ကျဲလာကြပြီး အမျိုးသားများတွင် နဖူးပြောင်၊ ထိပ်ပြောင် လာတတ်ကြသည်။

**ခန္ဓာကိုယ်တွင်း ရုပ်ပိုင်းဆိုင်ရာပြောင်းလဲခြင်းများ**

ပုံမှန်လူတစ်ယောက်သည် ပျမ်းမျှအားဖြင့် တစ်မိနစ်လျှင် အောက်ဆီဂျင် ဓာတ် ၂၅၀စီစီ အသုံးပြုလေ့ရှိသည်။ သက်ကြီးရွယ်အိုများတွင် သာမန် အောက်ဆီဂျင်အသုံးချမှု လျော့နည်းလာ၍ ခန္ဓာကိုယ်၏ ဇီဝဓာတု ဖြစ်စဉ်များ (Metabolic Process) နှေးကွေးလာကြရသည်။ လုပ်ငန်းအဝဝနှင့်အတူ အဓိကအားဖြင့် ကာယစွမ်းရည်များတွင် လူငယ်လူရွယ်များလောက် စွမ်းဆောင်နိုင်ခြင်း မရှိကြတော့ပေ။

**ဒေါက်တာ တင်ထွန်းဦး**

သက်ကြီးရွယ်အိုများတွင် ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးလိုလို၌ **ဆဲလ်များ ပျက်စီးလာခြင်း၊ လျော့နည်းလာခြင်း၊ အမျှင်များပိုများလာခြင်း၊ သွေးကြောကြီးငယ်များ ကျဉ်းလာခြင်း**တို့ဖြစ်ပေါ်ပြီး အင်္ဂါအစိတ်အပိုင်းအလိုက်၊ လုပ်ငန်းအဖွဲ့အလိုက်၊ ခန္ဓာကိုယ်၏ ဖွဲ့စည်းတည်ရှိမှုနှင့် လုပ်ငန်းဆောင်တာများ ယိုယွင်းလာကြရသည်။

**စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲခြင်းများ**

သက်ကြီးရွယ်အိုများ၏ စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများမှာ အဓိက အားဖြင့် ဦးနှောက်နှင့် သက်ဆိုင်၏။ သက်ကြီးရွယ်အိုများတွင် ဦးနှောက်၏ သွေးကြောများ ကျဉ်းလာပြီး ဦးနှောက်ဆဲလ်များ ပျက်စီးလျော့နည်းလာခြင်းကြောင့် ဦးနှောက်လုပ်ငန်းများ ယိုယွင်းပြီး စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများ ဖြစ်ပေါ်လာရသည်။

> **ပတ်ဝန်းကျင်ရှိ လူများအပေါ် မေတ္တာစိတ်ထားပါ။ ဖြူစင်စိုရဲတရားထားရှိရန် လိုအပ်သည်။ အရာရာကို အကောင်းဘက်မှ ရှုမြင်ပါ။ (Positive Thinking)။ အပြုသဘောဆောင်သည့် အတွေးအခေါ် (Constructive Minded)ရှိရန် လိုအပ်သည်။**

သက်ကြီးရွယ်အိုများတွင် အာရုံမစူးစိုက်နိုင်ခြင်း၊ အခြားသူများအပေါ် မသင်္ကာစိတ်ပိုများလာခြင်း၊ စိတ်အပြောင်းအလဲမြန်ခြင်း၊ မိမိပြောသည်ကိုပင် အမှန်ဟုထင်ခြင်း စသည်တို့ကြောင့် ပတ်ဝန်းကျင်နှင့်ဆက်ဆံရာတွင် အဆင်မပြေ ဖြစ်လာလေ့ရှိသည်။ အချို့ကမူ တရားသဘောနားလည်၍ ပိုပြီး အကောင်းမြင်တတ်လာကာ ပိုမိုခွင့်လွှတ်လာတတ်ကြသည်။ အလှူဒါနပြုရန်လည်း ပိုမိုရက်ရော လာတတ်ကြသည်။

အများစုတွင် စိုးရိမ်ပူပန်စိတ် လွန်ကဲခြင်း၊ မိမိကိုယ်မိမိ ယုံကြည်စိတ် လျော့နည်း ခြင်း၊ သေရမည်ကိုကြောက်ခြင်း၊ အမျိုးသားအချို့က ပန်းသေမည်ကို စိုးရွံ့ခြင်း၊ စိတ်ဓာတ်ကျခြင်း စသည်တို့ ဖြစ်တတ်ကြသည်။ အချို့မှာ **စိတ်ကျရောဂါ** (Depression)၊ **သက်ကြီးရွယ်အို စိတ်ရောဂါ** (Senile Dementia)တို့ ဖြစ်တတ်သည်။ အသက် ၇၀၊ ၈၀အရွယ်များတွင် အချို့က **သူငယ်ပြန်ခြင်း** (ငယ်မှုပြန်ခြင်း)တို့ ဖြစ်တတ်သည်။

**အဖြစ်များသော ရောဂါများ**

သက်ကြီးရွယ်အိုများတွင် နှလုံးသွေးကြောကျဉ်းရောဂါနှင့် အခြားသော နှလုံးရောဂါများ၊ သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါများ(အဆုတ်ပွရောဂါ၊အဆုတ်လေပြွန်ရောင်ရောဂါ၊ အဆုတ်တီဘီရောဂါ၊ ရင်ကျပ်ပန်းနာရောဂါ)၊ ကျောက်ကပ်ရောင်ခြင်း၊ အရိုးအဆစ်ရောင်ခြင်း၊ အတွင်းတိမ်၊ ရေတိမ်ရောဂါ၊ နှာခေါင်းပတ်လည်ရှိ အရိုးဂလိုင်များရောင်ခြင်း (Sinusitis)၊အူကျွံခြင်း၊ ခြေလက်မျက်နှာများ တုန်သည့်ရောဂါ(ပါဒရက်ရောဂါ) (Parkinson's disease) (ကမ္ဘာကျော်ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံဟောင်း မိုဟာမက်အလီ ခံစားရလျက်ရှိသည်)တို့သည် အဖြစ်များသော ရောဂါများ ဖြစ်ကြ၏။ နှလုံးရောဂါ၊ သွေးတိုးရောဂါနှင့် ဆီးချိုသွေးချိုရောဂါတို့ကြောင့် လေဖြတ်ခြင်း ဖြစ်လေ့ရှိသည်။ နှလုံးသွေးကြောကျဉ်းရောဂါကြောင့် နှလုံးထိခိုက်ခံရ၍ ရင်ဆို့နာ(Angina Pectoris)နှင့် နှလုံးကြွက်သားပုပ်ခြင်း(Myocardial Infarction)တို့ဖြစ်ပြီး အသက်အန္တရာယ် စိုးရိမ်ရပေသည်။

ထို့ပြင် သက်ကြီးရွယ်အိုများတွင် **ကင်ဆာရောဂါများ**အဖြစ်များလေ့ရှိသည်။ လျှာ၊ လည်ချောင်း၊ အစာမျိုပြွန်၊ အစာအိမ်၊ အသံပြွန်၊ အဆုတ်၊ အူမကြီး၊ အရိုး၊ အရေပြား၊ သွေး၊ အမျိုးသားများတွင် ဆီးကျိတ်(Prostate)၊ လိင်တံနှင့် အမျိုးသမီးများတွင် ရင်သား၊ သားအိမ်ခေါင်း၊ မမျိုးဥအိမ်ကင်ဆာများ အဖြစ်များသည်။

အမျိုးသားကြီးများတွင် ဆီးအိမ်အောက်ရှိ **ဆီးကျိတ်ကြီးခြင်း**(BPH-Benign Prostatic Hypertrophy) ဖြစ်လေ့ရှိသည်။ ထိုအခါ ဆီးသွားရခက်ခြင်း၊ ဆီးထဲသွေးပါခြင်း၊ ဆီးလမ်းကြောင်းပိတ်ဆို့ခြင်း၊ ဆီးအိမ်ရောင်ခြင်း၊ လိင်စိတ်များ ထကြွလာခြင်းတို့ ဖြစ်ပေါ်တတ်သည်။

စိတ်ပိုင်းဆိုင်ရာအနေဖြင့် စိတ်ကျရောဂါ၊ **သက်ကြီးရွယ်အို စိတ်ရောဂါနှင့် အယ်လ်ဇိုင်းမားရောဂါ**(Alzheiner's Disease)တို့ ဖြစ်ပွားတတ်သည်။ လူသိများလာသည့် အယ်လ်ဇိုင်းမားရောဂါသည် အသက် ၆၅ နှစ်အထက် အရွယ်တွင် ဖြစ်ပွားလေ့ရှိ၍ သက်ကြီးသတိမေ့ရောဂါ အပြင်းစားဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်၏။

**ကျန်းမာရေးပြဿနာများကို ကုသစောင့်ရှောက်ပေးခြင်း**

သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်ရေးကို ဦးစားပေးသည့်အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂက ၁၉၉၉ခုနှစ်ကို **"နိုင်ငံတကာသက်ကြီးရွယ်အိုများနှစ်"** (International Year of Older Persons)ဟု သတ်မှတ်ခဲ့၍ ထိုနှစ်မှစပြီး အောက်တိုဘာလ ၁ရက်နေ့ကို **"အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့"** အဖြစ် နှစ်စဉ်အခမ်းအနားကျင်းပ၍ သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို ကမ္ဘာအနှံ့ဆောင်ရွက်လျက်ရှိသည်။ ယခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့၏ ဆောင်ပုဒ်မှာ **"သက်ကြီးစုံညီ လူ့ဘောင်ဆီသို့"** (Towards A Society For All Ages)ဟူ၍ ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နှစ်စဉ် ဧပြီလ ၇ရက်ကို ကမ္ဘာ့ကျန်းမာရေးနေ့ အဖြစ်သတ်မှတ်၍ နှစ်စဉ် ဆောင်ပုဒ်တစ်ခုစီရွေးချယ်ပြီး ကျန်းမာရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများ ဆောင်ရွက်စေခဲ့ရာ ၁၉၈၂ ခုနှစ်တွင် **"သက်ကြီးရွယ်အိုဘဝကို စိုပြည်စေဖို့ ကြိုးပမ်းစို့"**(Add Life To Years)နှင့် ၁၉၉၉ ခုနှစ်တွင် **"အိုသည့်တိုင်အောင် ဖွံ့ကိုဆောင်၊ လူ့ဘောင်ကောင်းဖို့ ကြိုးပမ်းစို့"**(Active Aging Makes The Difference)ဟူ၍ ရွေးချယ် သတ်မှတ်ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးဝန်ကြီးဌာနက **သက်ကြီးရွယ်အို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းစီမံချက်** (Elderly Health Care Project)ကို စနစ်တကျ ဆောင်ရွက်လျက်ရှိရာ ၂၀၀၂–၂၀၀၃ ခုနှစ်တွင် မြို့နယ်ပေါင်း ၄၆ မြို့နယ်၌ စီမံချက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာသက်ကြီးရွယ်အို အများစုမှာ မိသားစုနှင့်အတူ နေထိုင်လေ့ရှိကြပြီး အတူနေ သားသမီး၊ မြေးမြစ်များက သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်လေ့ရှိကြသည်။ မြန်မာနိုင်ငံတွင် သက်ကြီးရွယ်အိုများ၏ သုံးပုံနှစ်ပုံခန့်(၆၅ ဒသမ ၇ရာခိုင်နှုန်း)သည် နေ့စဉ် နိစ္စဓူဝလှုပ်ရှားသွားလာ နေထိုင်မှု ADL (Activities of Daily Living) ကို မိမိဘာသာ လုပ်ဆောင်နိုင်ကြသည်။ ကျန်သုံးပုံတစ်ပုံကို မိသားစုများ၊ အခြားသူများက ကူညီတွဲထူ စောင့်ရှောက်ပေးကြရသည်။ မြန်မာနိုင်ငံတွင် **ဘိုးဘွားရိပ်သာပေါင်း** ၄၇ခု ဖွင့်လှစ်ထားရှိ၍ အမှီအခိုမရှိသော၊ အကူအညီလိုအပ်သော သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ရင်း ကျန်းမာရေးပြဿနာများကိုလည်း ကုသကာကွယ်ပေးလျက်ရှိသည်။

**သက်ကြီးရွယ်အိုတို့တွင် ရှိသင့်သော ခံယူချက်**

သက်ကြီးရွယ်အိုများအနေဖြင့် ဇရာသည် သဘာဝတရားဖြစ်၍ မိမိတို့၏ ရုပ်နှင့်စိတ် ပျက်စီးခြင်းမဟုတ်ဘဲ အနည်းငယ် အားနည်းယိုယွင်းလာခြင်းသာ ဖြစ်သည်ဟု ခံယူထားပါ။ အိုမှ နာသည်မဟုတ်ဘဲ မအိုဘဲနှင့်လည်း နာနိုင်၊ သေနိုင်ကြောင်း သိရှိထားပါ။ ကမ္ဘာပေါ်တွင် အသက် ၉၀၊ ၁၀၀အထိ အလုပ်လုပ်နိုင်သူ များစွာရှိ၍ အသက်ရာကျော်ရှည်သူ အလွန်များကြောင်းလည်း သိထားသင့်သည်။

ဂီတပညာရှင် "ပက်ဘလိုကာဆယ်လ်" သည် အသက် ၉၆နှစ်အရွယ် ကွယ်လွန်ချိန်အထိ တယောအကြီးစားဖြင့် တီးဝိုင်းကြီးများတွင် ပါဝင်ဖျော်ဖြေခဲ့၏။ "ဘာထရန်ရတ်ဆယ်လ်"သည် အသက် ၉၄ နှစ်အထိ နိုင်ငံတကာ ငြိမ်းချမ်းရေးလှုပ်ရှားမှုများ၌ တက်ကြွစွာ ဦးဆောင်ခဲ့၏။

ကမ္ဘာကျော် စာရေးဆရာ "ဘားနတ်ရှော"သည် အသက် ၉၀အရွယ်တွင် ပြဇာတ်များ ရေးသားဆဲဖြစ်ခဲ့လေသည်။ (အသက် ၉၃နှစ်တွင် အတွေးလွန်ပုံပြင်များ ပြဇာတ်ကို ရေးသားခဲ့၏။) "ယာမွန်ဒီဗလဲယား"သည် အသက် ၉၁နှစ်အရွယ်အထိ အိုင်ယာလန်နိုင်ငံ၌ သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့၏။

သက်ကြီးရွယ်အိုများအနေဖြင့် မိမိကိုယ်မိမိ အသုံးမဝင်တော့ဟု မထင်ပါနှင့်။ အို၍အပယ်ခံရသည့် "အိုပယ်"ဟုလည်း မယူဆပါနှင့်။ အငြိမ်းစားယူရခြင်းသည် တာဝန်များမလုပ်ဆောင်နိုင်တော့၍ မဟုတ်ဘဲ မိမိထက်ငယ်ရွယ်သူများကို နေရာပေးရသည်ဟူ၍ သဘောထားပါ။ Old is Gold "အသက်အရွယ်ကြီးရင့်ခြင်းသည် ရွှေကဲ့သို့တန်ဖိုးရှိခြင်းဖြစ်သည်"ဟု ဂုဏ်ယူပါ။ "အသက်ကြီးသော်လည်း မပျက်စီးသေးဘူး"ဟု မှတ်ယူပါ။ တစ်နည်းနည်းဖြင့် လူ့ဘောင်လောကကို ဆက်လက်အကျိုးပြုမည်ဟု ခံယူပါ။ အကျိုးပြုနိုင်အောင်လည်း ကြိုးစားပါ။ စိတ်ပိုင်းဆိုင်ရာ စွမ်းအားနှင့်ဆက်စပ်၍ Use it or Lose it "သုံးမလား၊ ဆုံးရှုံးခံမလား"ဟူသည့် စကားကိုအလေးထားပါ။ အသက်ကြီးတိုင်းအရွယ်မအိုကြောင်း လက်ခံကျင့်သုံးပါ။ အသက်ကြီးခြင်းသည် အချိန်ကာလအားဖြင့် နှစ်အလိုက် ကြီးပြင်းလာခြင်းသာဖြစ်၍ ရှောင်လွှဲ၍မရနိုင်သော်လည်း ဇီဝရုပ်အသက်ကြီးမလာအောင်၊ အရွယ်မအိုအောင် တတ်နိုင်သမျှ တားဆီးနိုင်သည်။ သက်ကြီးသော်လည်း ရွယ်မအိုသူ၊ နုပျိုသူများလည်းရှိနေကြောင်း သိရှိထားရန် လိုသည်။

ပတ်ဝန်းကျင်ရှိ လူများအပေါ် မေတ္တာစိတ်ထားပါ။ ဖြူစင်စိုရဲတရားထားရှိရန် လိုအပ်သည်။ အရာရာကို အကောင်းဘက်မှ ရှုမြင်ပါ။ (Positive Thinking)။ အပြုသဘောဆောင်သည့် အတွေးအခေါ် (Constructive Minded)ရှိရန် လိုအပ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁သို့





# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရာမာယဏဇာတ်တော်ကြီးပြိုင်ပွဲ စတုတ္ထနေ့အဖြစ်ဆက်လက်ကပြယှဉ်ပြိုင်

ရန်ကုန် အောက်တိုဘာ ၁၈

**ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ရာမာယဏဇာတ်တော်ကြီးပြိုင်ပွဲကို ယနေ့ ည ၇နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ စတုတ္ထနေ့အဖြစ် ဆက်လက်ကပြယှဉ်ပြိုင်ရာ မန္တလေးတိုင်းကိုယ်စားပြု ရာမာယဏဇာတ်တော်ကြီးအဖွဲ့က ကပြယှဉ်ပြိုင်တင်ဆက်သည်။**

## ကြည့်ရှုအားပေး

အဆိုပါ ယှဉ်ပြိုင်တင်ဆက်ပွဲသို့ ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး နာယကအဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့် ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ ကော်မတီဝင်များ၊ စာပေ၊ ဂီတ၊ သဘင် အနုပညာရှင်ကြီးများ၊ မြန်မာ့အနုသုခုမပညာကို ချစ်ခင်လေးစားမြတ်နိုးတန်ဖိုးထားကြသော ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

## အကဲဖြတ်အမှတ်ပေး

မန္တလေးတိုင်းကိုယ်စားပြု ဇာတ်အဖွဲ့က ရာမာယဏဇာတ်တော်ကြီးကို ကပြယှဉ်ပြိုင်တင်ဆက်ရာတွင် ဦးစန်းဝင်း(ယဉ်ကျေးမှုတက္ကသိုလ်)က ဇာတ်ညွှန်းရေးသား၍ ရာမအဖြစ် ဦးသိန်းထွန်းဦး၊ လက္ခဏအဖြစ် ဦးကျော်မင်းထွေး၊ သီတာဒေဝီအဖြစ် ဒေါ်အိအိသန့်၊ ဒသဂီရိအဖြစ် ဦးမြင့်သန်း၊ ဟနုမာန်အဖြစ် ဦးမောင်မော်၊ ရွှေသမင်အဖြစ် ဦးစိုးညွန့်အောင်တို့က ဇာတ်ပို့ဇာတ်ရန်များနှင့်အတူ ပါဝင်ကပြသရုပ်ဆောင်ကြပြီး ရှာစား ဦးဇော်ဝင်းနိုင် ဆိုင်းအဖွဲ့နှင့် တွဲဖက်လျက် အနုပညာရသပြောင်မြောက်စွာ ကပြယှဉ်ပြိုင်တင်ဆက်သွားကြရာ ဇာတ်တော်ကြီး အကဲဖြတ်အဖွဲ့ ခေါင်းဆောင် ဦးချစ်ဦးညို နှင့် အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

## ယှဉ်ပြိုင်တင်ဆက်မည်

အောက်တိုဘာ ၁၉ရက် ည ၇နာရီတွင် ရာမာယဏဇာတ်တော်ကြီး ပြိုင်ပွဲ ပဉ္စမနေ့အဖြစ် စစ်ကိုင်းတိုင်း ကိုယ်စားပြု ဦးဟိန်းဇော်နှင့် အဖွဲ့က ယှဉ်ပြိုင်တင်ဆက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

**ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး နာယကအဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့်ပရိသတ်များ ရာမာယဏဇာတ်တော်ကြီး ပြိုင်ပွဲတွင် မန္တလေးတိုင်း ကိုယ်စားပြု ရာမာယဏဇာတ်တော် ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။**

(သတင်းစဉ်)

# သီတဂူဆရာတော် အထကသုဝဏ္ဏာ၌ တရားဟောကြား

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း သုဝဏ္ဏာမြို့ရှိ ကျောင်းသား ကျောင်းသူများ စာရိတ္တမြင့်မား၍ ယဉ်ကျေးလိမ္မာထူးချွန်ထက်မြက်စေရေးအတွက် ပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉နာရီတွင် အထကသုဝဏ္ဏာကျောင်းခန်းမ၌ကျင်းပရာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ(D.Litt) ကဟောကြားချီးမြှင့်သည်။

အခမ်းအနားသို့ ကျောင်းအုပ်ဆရာကြီး ဦးထွန်းမင်းနှင့် ဆရာဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌဒေါ်ရီရီမြင့်(ဒုတိယညွှန်ကြားရေးမှူး၊ ကြေး/မြေ)နှင့်အဖွဲ့ဝင်များ၊ သုဝဏ္ဏ(၂၅)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့်အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ၊ ကျောင်းသား ကျောင်းသူများတက်ရောက်ကြသည်။ **(က-ပ)**

# အဂ္ဂမဟာပဏ္ဍိတ မိုးညှင်းဆရာတော်ကြီးပူဇော်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၈**

ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း မိုးညှင်းဝိပဿနာတိုက်သစ်ကို တည်ထောင်ခဲ့သော နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကူလြွှယဆရာတော်ကြီး စံလွန်တော်မူသည်မှာ (၁၃)နှစ်ပြည့်မြောက်ပြီဖြစ်၍ ဆရာတော်ကြီးအားကျေးဇူးဆပ် ပူဇော်လိုပါသဖြင့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက် (အောက်တိုဘာ ၂၉ရက်) နံနက် ၁၀ နာရီအချိန်တွင် သံဃာတော် ၁၀၈ပါးတို့အား နေ့ဆွမ်းဆက်ကပ်ပြီး သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ် နဝကမ္မဝတ္ထုအစုစုတို့ဖြင့် သံဃိကသလာကဒါန ကျင်းပမည်ဖြစ်ရာ တပည့်ဒါယကာများအား ဖိတ်ကြားထားကြောင်းသိရသည်။

**(က-ပ)**

# ဆို၊က၊ရေး၊တီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ဆပ်ကော်မတီဝင်များ၊ အုပ်ချုပ်သူများညှိနှိုင်းစည်းဝေး

**ရန်ကုန် အောက်တိုဘာ ၁၈**

ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ဆပ်ကော်မတီဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အုပ်ချုပ် သူများ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၅နာရီတွင် ရန်ကုန်မြို့ အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ဘုရင့်နောင်)၌ ကျင်းပရာ**(ယာပုံ)** ရှေးဦးစွာ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်းက အမှာစကားပြောကြားပြီး ဆပ်ကော်မတီဝင်များ၊ အုပ်ချုပ်သူများက ပြိုင်ပွဲနှင့်စပ်လျဉ်း၍ လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ ဆွေးနွေးတင်ပြချက်များ၊ လုပ်ငန်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်းက ပြန်လည်သုံးသပ်ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**



*စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်*

အိုမင်းခြင်းသည် **အတွေ့အကြုံရင့်ကျက်ခြင်း၊ ဂုဏ်ရှိခြင်း**ဟု မှတ်ယူပါ။ "သမားဆို အိုမှ" ဆိုသည့်စကားက အတွေ့အကြုံ၏တန်ဖိုး၊ လူအိုတို့၏တန်ဖိုးကို ဖော်ညွှန်းနေသည်။ "အိုမင်းမစွမ်း"ဟူသည့်အချက်ကို လက်မခံပါနှင့်၊ အိုမင်းသော်လည်း စွမ်းနိုင်သည့်အရာများရှိသည်ဟု ခံယူထားပါ။ Aging is a Privilege "အသက်ကြီးရင့်လာခြင်းသည် အခွင့်ထူးတစ်ရပ်ဖြစ်သည်" ဟူသည့်စကားကို တန်ဖိုးထားပါ။ အသက်ကြီးရင့်လာခြင်းသည် သဘာဝ၏ ဂုဏ်ပြုချီးမွမ်းခံရခြင်းတစ်ရပ်ဟု မှတ်ယူပါ။

တတ်နိုင်သမျှ ပျော်ပျော်ရွှင်ရွှင် နေထိုင်ပါ။ သေသည်အထိ ပျိုမျစ်နုနယ်ဖျတ်လတ်နိုင်အောင် ကြိုးစားပါ။ တစ်နေ့သေရမည်ကိုလည်း မကြောက်ပါနှင့်။ သေခြင်းတရားကို မြတ်စွာဘုရားကိုယ်တော်တိုင် လွန်ဆန်ခြင်းငှာ မစွမ်းသာခဲ့ပါ။ **အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊** (အမြဲမရှိခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်း)ဟူသည့် တရားသဘောကို သိရှိနားလည်လက်ခံထားလျှင် သေရမည်ကို ကြောက်ရွံ့တော့မည် မဟုတ်ပေ။

**သက်ကြီးရွယ်အိုတို့အပေါ် ထားရှိသင့်သည့် သဘောထား**

လူငယ်လူရွယ်များ၊ မိသားစုများအနေဖြင့် သက်ကြီးရွယ်အိုတို့၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲချက်များကို နားလည်စာနာပါ။ အခက်အခဲများကို ကူညီဖြေရှင်းပေးပါ။ မိမိအလှည့်တွင် မိမိကိုလည်း မိမိသားသမီးများ၊ မြေးများက ပြုစုပေးကြရဦးမည်ကို သိရှိထားပြီး ယခု မိမိမိဘ၊ ဘိုးဘွားများကို စေတနာမေတ္တာအပြည့်ဖြင့် ပြုစုယုယပါ။ မိမိလည်း တစ်နေ့အိုရဦးမည်ဟု မှတ်ယူပါ။ ရန်ကုန်မြို့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၏ ဆောင်ပုဒ်မှာ **"အသင်လည်း တစ်နေ့ ဤသို့ အိုရအံ့"** ဟူ၍ ဖြစ်သည်။

**"ဂုဏဝုမိ ဝယဝုမိ"** "မိမိထက် တစ်နေ့တစ်ရက်၊ တစ်မနက်ကြီးသူကို ရိုသေလေးစားရမည်"ဟု **မင်္ဂလာတရားတော်တွင်** ပါရှိသည်။ **"မာတာပိတု ဥပဋ္ဌာနံ"** "မိဘတို့ကို လုပ်ကျွေးပြုစုရခြင်းသည် မင်္ဂလာမည်၏" ဟူ၍လည်း ပါရှိ၏။ သို့ဖြစ်ပါ၍ သက်ကြီးရွယ်အိုများကို ရိုသေလေးစားထိုက်ကြောင်း အထူးဖော်ညွှန်းရန် မလိုတော့ပါ။

သက်ကြီးရွယ်အိုများအနေဖြင့်လည်း သက်ကြီးရွယ်အိုတို့၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာသဘာဝပြောင်းလဲချက်များ၊ ကျန်းမာရေးပြဿနာများကို သိရှိထားပြီး မှန်ကန်သည့်ခံယူချက်ဖြင့် ယင်းတို့ကို ကြိုတင်ကာကွယ် ဆင်ခြင်နေထိုင်ကြမည်ဆိုလျှင် ကျန်းမာနုပျိုစွာဖြင့် ဇရာကို ရဲရဲဝံ့ဝံ့၊ တည်တည်ငြိမ်ငြိမ်၊ အေးအေးချမ်းချမ်း ရင်ဆိုင်နိုင်ကြလိမ့်မည်ဟု မျှော်လင့်မိပါသည်။ ။


# လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- ✻ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
- ✻ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကိုသုံးစွဲပါ။
- ✻ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
- ✻ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပဉ္စမမြောက်နေ့ စည်ကားသိုက်မြိုက်စွာဆက်လက်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၈

**ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ ပဉ္စမမြောက်နေ့ ပြိုင်ပွဲအစီအစဉ်များကို သတ်မှတ်နေရာအသီးသီး၌ ခမ်းနားသိုက်မြိုက်စည်ကားစွာဖြင့် ယနေ့ ဆက်လက်ကျင်းပသည်။**

## အဆိုပြိုင်ပွဲ

ယင်းကဲ့သို့ကျင်းပရာတွင် ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌လည်းကောင်း၊ အကပြိုင်ပွဲကို ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌လည်းကောင်း၊ အရေးပြိုင်ပွဲ၏ သီချင်းတိုက်လေ့ကျင့်ခြင်းကို ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ပန်တျာကျောင်း၌လည်းကောင်း၊ အတီးပြိုင်ပွဲ၏ နှဲပြိုင်ပွဲကို စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌လည်းကောင်း၊ ဂီတာအတီးပြိုင်ပွဲကို ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဇာတ်ရုံ၌လည်းကောင်း အသီးသီးကျင်းပကြသည်။

ယနေ့ ကျင်းပသည့် ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲများသို့ ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်နှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာကို ချစ်ခင်လေးစားမြတ်နိုးကြသော ပြည်သူများ တစ်ခဲနက် လာရောက်၍ နားသောတဆင် ကြည့်ရှုအားပေးကြသည်။

ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ ပဉ္စမမြောက်နေ့ အဆိုပြိုင်ပွဲကို နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှု ဗိမာန်ဦးစီးဌာန အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ဆက်လက်ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား လက်ထောက်ညွှန်ကြားရေးမှူး(ဂီတ)ဒေါ်တင်တင်မြ၊ အတွင်းရေးမှူး လက်ထောက်အင်ဂျင်နီယာ ဒေါ်မေပြုံးခိုင်နှင့် အဆိုအကဲဖြတ်လုပ်ငန်း အဖွဲ့ဝင်များက ပြိုင်ပွဲကို ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)မဟာဂီတ အဆိုပြိုင်ပွဲကို ကျင်းပရာ မြဝတီမင်းကြီးဦးစ ရေးစပ်သီကုံးသည့် **'သောင်းရွှေလယ် (ယိုးဒယား)'** သီချင်းဖြင့်ရန်ကုန်တိုင်းမှ မခင်သန္တာ၊ မွန်ပြည်နယ်မှ မိလဲ့လဲ့ခိုင်၊ ရန်ကုန်တိုင်းမှ မသဲမြတ်စိုး၊ ရှမ်းပြည်နယ်မှ မနွေးနွေးသီရိအောင်၊ မန္တလေးတိုင်းမှ မခင်ဆွေမြညွန့်၊ ရောဝတီတိုင်းမှ မဇာလီစိုး၊ ရခိုင်ပြည်နယ်မှ မသန်းသန်းဝင်း၊ ပဲခူးတိုင်းမှ မအိဇင်သက်ခိုင်နှင့် မန္တလေးတိုင်းမှ မသန္တာ၁နွေးတို့ သီဆိုပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား)



**ဒွါဒသမအကြိမ် (၁၂)ကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အမျိုးသားဇာတ်ရုံ၌ကျင်းပသော အခြေခံပညာ အဆင့် အသက် (၁၅-၂၀)နှစ် အမျိုးသမီး အကပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ မရွှေရည်သိမ့် ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)**

မဟာဂီတအဆိုပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ မြဝတီမင်းကြီးဦးစ ရေးစပ်သီကုံးသည့် **'ဘုံဆောင်မြင့်(ကြိုး)'** သီချင်းဖြင့် ပဲခူးတိုင်းမှ မောင်ဝင်းမြတ်ဘုန်း၊ မန္တလေးတိုင်းမှ မောင်ဇော်ဇော်အောင်၊ မကွေးတိုင်းမှ မောင်ရဲရင့်သူ၊ ရောဝတီတိုင်းမှ မောင်ဝဏ္ဏထွန်း၊ ကချင်ပြည်နယ်မှ မောင်ရှင်းသန့်အောင်၊ စစ်ကိုင်းတိုင်းမှ မောင်ငြိမ်းချမ်းအောင်၊ ကရင်ပြည်နယ်မှ မောင်မင်းဘုန်းပြည့်၊ မွန်ပြည်နယ်မှ မောင်ဝဏ္ဏ၊ ရန်ကုန်တိုင်းမှ မောင်အောင်ခိုင်မင်း၊ မန္တလေးတိုင်းမှ မောင်ကျော်ထွန်းဝင်း၊ ရခိုင်ပြည်နယ်မှ မောင်ရဲလင်းကျော်၊ ကယားပြည်နယ်မှ မောင်မင်းပြည့်စုံနှင့် ရန်ကုန်တိုင်းမှ မောင်ဇော်ဝင်းနိုင်တို့ သီဆိုပြိုင်ပွဲဝင်ကြပြီး ပဉ္စမမြောက်နေ့ အဆိုပြိုင်ပွဲကို မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်သည်။

အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ဓမ္မပူဇာတေး အဆိုပြိုင်ပွဲနှင့် အခြေခံပညာအဆင့်အသက် (၅- ၁၀) နှစ် (အမျိုးသမီး)ဓမ္မပူဇာတေး အဆိုပြိုင်ပွဲတို့ကိုကျင်းပပြီး မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက် (၁၅-၂၀)နှစ် (အမျိုးသမီး) ဓမ္မပူဇာတေး အဆိုပြိုင်ပွဲကို အမျိုးသားပြတိုက်၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

## အကပြိုင်ပွဲ

ဒွါဒသမအကြိမ် (၁၂ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲကို နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ဆက်လက်ကျင်းပရာ အက အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌဝဏ္ဏကျော်ထင်ဦးစိန်အောင်မင်း၊ အတွင်းရေးမှူး ဒေါ်မူမူခင်နှင့် အက အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ ပညာရှင်အဆင့် (အမျိုးသား)အကပြိုင်ပွဲကိုကျင်းပရာ မန္တလေးတိုင်းမှ ကိုချမ်းချမ်းမိုးနှင့် ထာဝရမျိုးလေး(ခ)မျိုးမင်းထွန်း၊စစ်ကိုင်းတိုင်းမှ ပန်တျာအောင်ဝင်း၊ ပဲခူးတိုင်းမှ ဦးငြိမ်းချမ်း၊ မွန်ပြည်နယ်မှ ချစ်ဆုးငယ်၊ ရန်ကုန်တိုင်းမှ မောင်ကိုကိုလင်း၊ မကွေးတိုင်းမှ တိုင်းချစ်တင်ငွေနှင့် ရန်ကုန်တိုင်းမှ မောင်ကျော်ဇေယျာအောင် (ခ) ဝိုင်ယူစီကိုဇေတို့ ပါဝင်ယှဉ်ပြိုင်ကပြကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသမီး) အကပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ ရောဝတီတိုင်းမှ မဟေမာဝေ၊ ကချင်ပြည်နယ်မှ မစွဲ့စုစုနိုင်၊ မန္တလေးတိုင်းမှ မပြည့်ဖြိုးမွန်၊ ပဲခူးတိုင်းမှ မတင်မြတ်မြတ်ခိုင်ဦး၊ မကွေးတိုင်းမှ မရွှေဇင်မိုး၊ ရခိုင်ပြည်နယ်မှ မရွှေရည်သိမ်း၊ စစ်ကိုင်းတိုင်းမှ မမြင့်မြင့်ခိုင်၊ တနင်္သာရီတိုင်းမှ မခင်စပါယ်စန်း၊ မွန်ပြည်နယ်မှ မနန်းဝတ်ရည်မျိုးချစ်၊ ရန်ကုန်တိုင်းမှ မအေးနန္ဒီခိုင်၊ ကရင်ပြည်နယ်မှ မနန်းမေသူဇာ၊ ရန်ကုန်တိုင်းမှ မအေးချမ်းမြတ်ဖြိုး(ခ)ဝင်းဖြူဖြူ၊ ရှမ်းပြည်နယ်မှ မငုဝါဝါ၊ ချင်းပြည်နယ်မှ မဗျက်လှောန်မွေးနှင့် မန္တလေးတိုင်းမှ မဝင်းဝင်းနွယ်တို့ပါဝင်ယှဉ်ပြိုင်ကပြကြသည်။

အောက်တိုဘာ ၁၉ရက် နံနက်ပိုင်းတွင် ဝါသနာရှင်အဆင့် (အမျိုးသမီး) အကပြိုင်ပွဲကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅-၁၀) နှစ် (အမျိုးသား) အကပြိုင်ပွဲကိုလည်းကောင်း အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ ပညာရှင်အဆင့် အရေးပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များ ရေးသားခဲ့ကြသော သီချင်းစာသားများကို တူရိယာများဖြင့်တွဲဖက်၍ နံနက်၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ပန်တျာကျောင်း၌ သီချင်းတိုက်လေ့ကျင့်ကြသည်။

## နှဲပြိုင်ပွဲ

ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏နှဲပြိုင်ပွဲကို နံနက်၉နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ပညာရှင်အဆင့် နှဲပြိုင်ပွဲတွင် **'ရွှေပန်းပန်'** နှင့် **'ရွှေညီလာ (လေး ထွေ သံ ကပ်)'** သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဦးညွန့်ဝင်းနိုင်၊မန္တလေးတိုင်းမှ ဦးတင်ကြိုင်၊ မကွေးတိုင်းမှ ဦးထွန်းကြိုင်၊ ရခိုင်ပြည်နယ်မှ ဦးစိန်မောင်အိ၊ မန္တလေးတိုင်းမှ ဦးကံထွန်း၊ ရန်ကုန်တိုင်းမှ ဦးစံအုန်းနှင့် စစ်ကိုင်းတိုင်းမှ ဦးဇေယျာပြည့်တို့ ပြိုင်ပွဲဝင်ကြပြီး နံနက် ၁၁ နာရီတွင် ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် နှဲပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ **'ထွေတလာ(ကြိုး)'** သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်မျိုးကို၊ မကွေးတိုင်းမှ မောင်ကျော်ကိုလတ်၊ ရန်ကုန်တိုင်းမှ မောင်ထွန်းနန္ဒ၊ မန္တလေးတိုင်းမှ မောင်စည်သူဖြိုးနှင့် ရန်ကုန်တိုင်းမှ မောင်ကောင်းမြတ်ဝေတို့ ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် နှဲပြိုင်ပွဲကို ကျင်းပရာ **'ဝေဘာဂီရိ(ကြိုး)'** သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်မြတ်ကိုကိုဝင်း၊ မန္တလေးတိုင်းမှ မောင်နိုင်ဝင်းဦး၊ ရန်ကုန်တိုင်းမှ မောင်စိုးသီဟနှင့် မန္တလေးတိုင်းမှ မောင်စိုးသိန်းတို့ ပြိုင်ပွဲဝင်ကြသည်။

ယနေ့ကျင်းပသည့် နှဲပြိုင်ပွဲများကို ဗဟိုအကဲဖြတ်ခေါင်းဆောင် ဦးမြကြီးနှင့် အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်၍ အမှတ်ပေးကြသည်။

အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား)ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲနှင့် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသား) ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတို့ကို ပဒုမ္မာဇာတ်ရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

## ဂီတာအတီးပြိုင်ပွဲ

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ ဂီတာအတီးပြိုင်ပွဲကို

*စာမျက်နှာ ၁၃ ကော်လံ ၁*

## ဆုမွန်ပန်ခြွေ

* အို...အပေါင်းအသင်း၊ ချစ်ရောင်းရင်းတို့
လာခြင်းကောင်းစွာ၊ တွေ့ရပါ၍
ပျူငှာလက်ကမ်းကြိုပါရစေ။
မင်္ဂလာအပေါင်းခညောင်းပါစေ။
ကျန်းမာချမ်းသာကြပါစေ။ ။

* တစ်နှစ်တစ်ခါ၊ သည်နေရာတွင်
ကြည်သာရွှင်ပျ၊ ဆုံစည်းကြပြီး
ဆို,က,ရေး,တီး၊ ပွဲတော်ကြီးမှာ
ပေါင်းစည်းညီညာ၊ ဆင်နွှဲပါလို့
မြန်မာတို့ဂုဏ် စောင့်ထိန်းကာ။
အနုပညာမျက်နှာစာ။
သမိုင်းပေးလာတို့ဝန်တာ။ ။

* အမျိုးသားယဉ်ကျေးမှု၊ ထိန်းသိမ်းပြုသည့်
အနုပညာ၊ ဥယျာဉ်သာဝယ်
သိက္ခာပြည့်စုံ၊ ပညာဂုဏ်ဖြင့်
လွှမ်းခြုံစောင့်ရှောက်နိုင်ပါစေ။
စေတနာ မေတ္တာ လှစ်ကာခြွေ။ ။

* ဆိုကစခန်း၊ ရေးတီးနန်းဝယ်
ပန်းမျိုးစုံစီ၊ မွှေးထုံကြည်၍
စိမ်းနီပြာဝါ၊ ရောင်စုံဖြာလျက်
ဇာတိမာန်ဂုဏ်၊ အမျိုးဂုဏ်ကို
ဂုဏ်ယူမြှင့်တင်နိုင်ပါစေ။
ယုံကြည်မြတ်နိုးနိုင်ပါစေ။
ထိန်းသိမ်းစောင့်ရှောက်နိုင်ပါစေ။ ။

မင်းရဲထွင်

## ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၏ ပြိုင်ပွဲအစီအစဉ်ဇယား

| နေရာ | | (အမျိုးသားပြတိုက်) | (အမျိုးသားဇာတ်ရုံ) | (ပန်တျာကျောင်း) | (ကမ္ဘောဇဇာတ်ရုံ) | (ပဒုမ္မာဇာတ်ရုံ) |
|---|---|---|---|---|---|---|
| စဉ် | ရက်စွဲ | အဆို | အက/ဇာတ်သဘင် | အရေး | အတီး | အတီး |
| ၆။ | ၁၉-၁၀-၂၀၀၄ (အင်္ဂါနေ့) | **ဓမ္မပူဇာတေး**(နံနက်)<br>(၁) အဆင့်မြင့်(ကျား)<br>(၂) အခြေခံ(၅-၁၀)(မ)<br>**ခေတ်ဟောင်း/ကာလပေါ် (နေ့လယ်)**<br>(၃) အခြေခံ(၁၅-၂၀)(မ) | **အမျိုးသမီးအက**(နံနက်)<br>(၁) ဝါသနာရှင်<br>**အမျိုးသားအက (နေ့လယ်)**<br>(၂) အခြေခံ(၅-၁၀)<br>**ရာမာယဏဇာတ်တော်ကြီး (ညပိုင်း)**<br>စစ်ကိုင်းတိုင်း<br>ဦးဟိန်းဇော်နှင့်အဖွဲ့ | **အရေးပြိုင်ပွဲဝင်များ သီချင်းလေ့ကျင့်ခြင်း**<br>(၁) အခြေခံ(၁၀-၁၅) | **ပတ္တလား**<br>(၁) အဆင့်မြင့်(မ) (နံနက်)<br>**(၂) အခြေခံ(၁၀-၁၅)** (ကျား)(နေ့လယ်) | **ဆိုင်းအဖွဲ့လိုက်**<br>(၁) အခြေခံ(၅-၁၀) (ကျား)(နံနက်)<br>**(၂) အခြေခံ(၁၀-၁၅)** (ကျား)(နေ့လယ်) |
| ၇။ | ၂၀-၁၀-၂၀၀၄ (ဗုဒ္ဓဟူးနေ့) | **ဓမ္မပူဇာတေး**(နံနက်)<br>(၁) ဝါသနာရှင်(ကျား)<br>**ခေတ်ဟောင်း/ကာလပေါ်**<br>(နေ့လယ်)<br>(၂) အခြေခံ(၅-၁၀)(မ) | **ရုပ်သေး**<br>(၁) ဝါသနာရှင်<br>**ရာမာယဏဇာတ်တော်ကြီး**<br>(ညပိုင်း) | **အရေးပြိုင်ပွဲဝင်များ သီချင်းလေ့ကျင့်ခြင်း**<br>(၁) အခြေခံ(၁၅-၂၀) | **တယော**<br>(၁) အဆင့်မြင့်(ကျား-မ) (နံနက်)<br>(၂) အခြေခံ(၁၅-၂၀) (ကျား-မ)(နေ့လယ်) | **ဆိုင်းတစ်ဦးချင်း**<br>(၁) ဝါသနာရှင်(မ) (နံနက်)<br>(၂) အဆင့်မြင့်(မ) (နေ့လယ်)<br>(၃) အခြေခံ(၁၀-၁၅) (မ)(နေ့လယ်) |

# နိုင်ငံတော်ဩဝါဒါစရိယ မကွေးမြို့ ဗိုလ်ကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဇဝန၏ ထေရုပ္ပတ္တိအကျဉ်း



ရန်ကုန် အောက်တိုဘာ ၁၈

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် မကွေးတိုင်း မကွေးခရိုင် မကွေးမြို့နယ် ဂျုတ်ကုန်းရွာ ခမည်းတော် ဦးသာဝ၊ မယ်တော် ဒေါ်ငွေညွန့်တို့မှ ၁၂၇၃ ခုနှစ် နယုန်လပြည့်ကျော် ၅ရက်တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်သည်။

**ရှင်/ရဟန်း ပြုတော်မူခြင်း**

ဆရာတော် လောင်းလျာသည် ၁၂၈၅ခုနှစ် နယုန်လတွင် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ဂျုတ်ကုန်းရွာ မြောက်ကျောင်းဆရာတော် ဦးဇောတိကကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ၁၂၉၃ခုနှစ် နယုန်လပြည့်ကျော် ၇ရက် နံနက် ၁၀နာရီတွင် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုပင်ခံယူ၍ ဂျုတ်ကုန်းမြောက်ကျောင်း ခဏ္ဍသိမ်၌ ဆရာတော်ဦးကောဏ္ဍညကို ဥပဇ္ဈာယ်ပြုကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် မကွေးတိုင်း မကွေးမြို့နယ် ဂျုတ်ကုန်းမြောက်ကျောင်းဆရာတော်ဦးဇောတိက၊ ဦးကောဏ္ဍညတို့ထံတွင် ပိဋကတ်အခြေခံကျမ်းစာများကိုလည်းကောင်း၊ မန္တလေးမြို့ တောင်ပြင်ဘုရားကြီးတိုက်ဆရာတော် ဘဒ္ဒန္တနာရဒ၊ တောင်ပြင်ထီးလင်းတိုက်ဆရာတော် ဘဒ္ဒန္တသောဘဏ တို့ထံတွင် ပါဠိအဋ္ဌကထာ၊ ဋီကာများနှင့် နေ့ဝါ၊ ညဝါများကို သင်ယူဆည်းပူးခဲ့သည်။

**စာပေပို့ချခြင်းနှင့်သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် မကွေးမြို့ မြို့ဟောင်းရပ် ဘုရားလမ်း ဗိုလ်ကုန်းကျောင်းတိုက်၌ တပည့်ရဟန်းသာမဏေများအား စာပေပို့ချတော်မူ၍လည်းကောင်း၊ ဒါယကာ ဒါယိကာများကို ဆုံးမဩဝါဒပေးတော်မူ၍လည်းကောင်း၊ မြသလွန်စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယတာဝန်နှင့် နိုင်ငံတော်ဩဝါဒါစရိယ တာဝန်တို့ကို ဆောင်ရွက်တော်မူခြင်းတို့ဖြင့်လည်းကောင်း သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့သည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ဘုရားကြီးသည် ဤကဲ့သို့ သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၄)ဝါအရ ၁၃၆၆ ခုနှစ် သီတင်းကျွတ်လဆန်း ၃ရက်၊ (၁၆-၁၀-၂၀၀၄)ရက် စနေနေ့ နံနက် ၈း၂၅နာရီတွင် သီတင်းသုံးတော်မူရာ ဗိုလ်ကုန်းကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တ ဇဝန ဘဝနတ်ထံပျံလွန်တော်မူ

ရန်ကုန် အောက်တိုဘာ ၁၈

နိုင်ငံတော်ဩဝါဒါစရိယ မကွေးတိုင်း မကွေးမြို့နယ် ဗိုလ်ကုန်းကျောင်းတိုက် ပဓာနနာယက သက်တော်(၉၃)နှစ် သိက္ခာတော်(၇၄)ဝါ ဘဒ္ဒန္တဇဝနမဟာထေရ် ဆရာတော်ကြီးသည် ၁၃၆၆ခုနှစ် သီတင်းကျွတ်လဆန်း ၃ ရက် ၁၆-၁၀-၂၀၀၄ (စနေနေ့)နံနက် ၈နာရီ၂၅မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဗဟန်းအောင်ချမ်းသာဓမ္မာရုံ တရားပွဲ

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင်လမ်း အရှေ့ရွှေဂုံတိုင်ရပ်ကွက် အောင်ချမ်းသာအိမ်ရာ သာသနာ့နုဂ္ဂဟဓမ္မာရုံတွင် ဝါတွင်းကာလ တနင်္ဂနွေနေ့တိုင်း သံဃာတော်အပါး ၅၀၀ ကျော်တို့အား သံဃာ့ဒါန အရဏ်ဆွမ်းများ လောင်းလှူခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ သံဃာတော်များကို နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ဥပုသ်သီတင်း လာရောက်ဆောက်တည်ကြသူများကို နံနက်စာ လှူဒါန်းညှော်ခံခြင်း၊ မွန်းလွဲ၂နာရီတွင် ဆရာတော် သံဃာတော်များက နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားခြင်း၊ အဖိတ်နေ့ည၇နာရီတွင် အောင်ချမ်းသာ ဗုဒ္ဓပူဇနိယဝတ်အသင်းသူများက ဓမ္မစကြာပရိတ်တော်၊ ပဋ္ဌာန်းဒေသနာတော်များကို ရွတ်ဖတ်ပူဇော် ကြည်ညိုခြင်းစသည့် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ယခုလာမည့် ဥပုသ်နေ့ဖြစ်သော ၁၃၆၆ခုနှစ် သီတင်းကျွတ်လဆန်း ၈ရက် အောက်တိုဘာ၂၁ရက် မွန်းလွဲ ၂နာရီတွင် ဓမ္မစေတီ ဆရာတော် ဦးကောသလ္လ (M.A.Buddhism) က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်၊ စနေနေ့

# ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးနေ့

## အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့

**ပညာရေးဝန်ကြီးဌာန**

## ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ရန်နှိုးဆော်

ရန်ကုန် အောက်တိုဘာ ၁၈

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကဏ္ဍ ပညာရေးမြှင့်တင်မှုလုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်းအားလုံးတွင် ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို ပညာရေးပြက္ခဒိန်ရေးဆွဲသတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ၂၀၀၄ခုနှစ် အောက်တိုဘာ၂၃ရက်(စနေနေ့)ကို ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးနေ့အဖြစ် သတ်မှတ်ပေးထားပြီးဖြစ်သဖြင့် အဆိုပါနေ့ရက်တွင် နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအလိုက် ကျောင်းအုပ်ကြီးများ၏ဦးဆောင်မှုဖြင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


သစ်တောရတနာ ပြည့်တန်ဆာ
အစဉ်ထာဝရ ထိန်းသိမ်းကြ။

**မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၄**

အောက်တိုဘာ (၂၂) ရက်မှ (၂၆) ရက်
တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း
ရန်ကုန်မြို့။


## သဘာဝနှင့်အတူဖွံ့ဖြိုးမှု အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများ ဓာတ်ပုံပြိုင်ပွဲဆုရရှိသူများစာရင်းကြေညာ

ရန်ကုန် အောက်တိုဘာ ၁၈

မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့်ပြန်ကြားရေးကော်မတီ၏ သဘာဝနှင့်အတူဖွံ့ဖြိုးမှု အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများ (Growing with Nature : ASEAN'S Environmental Challenges) ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီက ဆုရရှိသူများစာရင်းကို အောက်တိုဘာ ၁၅ရက်က ထုတ်ပြန်ကြေညာထားသည်။

Category A (အသက် ၁၃ နှစ် မှ ၁၇နှစ်အထိ ကျောင်းသား ကျောင်းသူများ) ပြိုင်ပွဲ၌ ဆုရရှိသူများမှာ မောင်အောင်ပိုင်၊ မောင်မောင်ရဲအောင်ထူး၊ မောင်နိုင်ဇော်လင်း၊ မောင်ပြည့်ဖြိုးအောင်နှင့် မောင်ဇေယျာထွန်းတို့ ဖြစ်သည်။

Category B (အသက် ၁၈နှစ်နှင့်အထက်)ပြိုင်ပွဲ၌ ဆုရရှိသူများမှာ ဦးခင်မောင်မြင့်(ခ)ကိုဆန်နီ(သိင်္ဂီရွှေရည်)၊ မန်းတက္ကသိုလ်နေမျိုးဝင်း (ရှုတိုင်းယဉ်ပုံရိပ်ဘဏ်)၊ လင်းထင် (Medium)၊ A.K.Moe (သတ္တဗေဒ)နှင့် အောင်ဆန်းဝင်းတို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၉-၁၀-၂၀၀၄ ရက် (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၇း၅၀ | ၅။ | ကဗျာပန်းဥယျာဉ် |
| ၈း၀၀ | ၆။ | အတီးပြိုင်ပွဲ |
| ၈း၁၀ | ၇။ | နှောင်းခေတ်တေးပဒေသာ |
| ၈း၂၀ | ၈။ | ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ(ပဲခူးတိုင်း) |
| ၈း၃၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | Grammar made Easy |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏ |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | English for Everyday Use |
| ၁၆း၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၁၇း၀၀ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ) |
| ၁၇း၁၅ | ၆။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၁၇း၃၀ | ၇။ | ခံစားနားဆင် တေးဓာတ်ဝင် |
| ၁၇း၄၀ | ၈။ | ဆိုကြမယ် ပျော်ကြမယ် |
| ၁၈း၁၅ | ၉။ | နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဝူခုန်း"** (အပိုင်း-၃၄) |
| ၁၈း၃၀ | ၁၀။ | ညနေခင်းသတင်း |
| ၁၉း၀၀ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၁၉း၀၅ | ၁၂။ | သားငါးဖွံ့ဖြိုးပြည့်အကျိုး |
| ၁၉း၂၀ | ၁၃။ | ကြေးမုံရိပ်သွင် တေးနုယဉ် |
| ၂၀း၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | **၂၀၀၄ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ** |
| | ၁၈။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ"** (အပိုင်း-၅) |
| | ၁၉။ | နောက်တစ်နေ့အစီအစဉ် |
| | ၂၀။ | အစီအစဉ်ပြီး၏။ |

## တရားစခန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၁၈

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့်အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အလုပ်ပေးတရားကို ကမ္ဘာ့ဌာန်းနည်းပြဆရာ ဆရာလေးဒေါ်ဘဒ္ဒကစ္စာနာက အောက်တိုဘာ ၂၇ရက်မှ နိုဝင်ဘာ၄ရက်အထိ နေ့စဉ်မွန်းတည့် ၁၂နာရီမှ ညနေ ၆နာရီအတွင်း စမ်းချောင်းမြို့နယ် အမှတ်(၁) ဆီဆုံလမ်း ပထမအလွှာတွင် ဓမ္မဒါနပြုလုပ်မည်ဖြစ်သည်။ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်းနှင့် ဖုန်း-၆၆၅၂၅၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

*စာမျက်နှာ ၁၂ မှ*

နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဇာတ်ရုံ၌ ဆက်လက်ကျင်းပရာ ပညာရှင်အဆင့် (အမျိုးသား) ဂီတာအတီးပြိုင်ပွဲတွင် **'ထောင်ရောင်နေကသာ(သီချင်းခန့်)'** သီချင်းဖြင့် မန္တလေးတိုင်းမှ ဦးစိုးဝင်းနှင့် ဦးခင်လင်း၊ ဧရာဝတီတိုင်းမှ ဦးအောင်သိန်း၊ ရန်ကုန်တိုင်းမှ ရွှေလင်ဘန်း သိန်းလှိုင်နှင့် ဦးအောင်ရှိန်တို့ ပါဝင်ယှဉ်ပြိုင်တီးခတ်ကြသည်။

ထို့နောက် အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ဂီတာအတီးပြိုင်ပွဲကို ကျင်းပရာ **'ကန္တာတောင်ခြေ (ယိုးဒယား)'** သီချင်းဖြင့် ပဲခူးတိုင်းမှ မောင်ဇော်ဇော်အောင်နှင့် ရန်ကုန်တိုင်းမှ မောင်အောင်သူနိုင်တို့ ပါဝင်ယှဉ်ပြိုင်တီးခတ်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသား) ဂီတာအတီးပြိုင်ပွဲကို ကျင်းပရာ **'နှုန်းနန်းထောက်စာ(ကြိုး)'**သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်မင်းထွဋ်၊ ဧရာဝတီတိုင်းမှ မောင်နိုင်စိုး၊ ရန်ကုန်တိုင်းမှမောင်ဇာနည်ဟိန်းနှင့် ပဲခူးတိုင်းမှ မောင်သူရတို့ ပါဝင်ယှဉ်ပြိုင်တီးခတ်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး) ဂီတာအတီးပြိုင်ပွဲကိုကျင်းပရာ **'ရောင်တော်ဖွင့်(ကာလပေါ်)'** သီချင်းဖြင့် ရန်ကုန်တိုင်းမှ မအေးမြတ်သူနှင့် မဆုရည်ကိုကိုတို့ ပါဝင် ယှဉ်ပြိုင်တီးခတ်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသား) ဂီတာအတီးပြိုင်ပွဲကို ကျင်းပရာ **'ဟောဝန်မြိုင်နန်း(ယိုးဒယား)'**သီချင်းဖြင့် ဧရာဝတီတိုင်းမှ ကျော်ထက်ပိုင်မျိုး၊ ရန်ကုန်တိုင်းမှ မောင်စည်သူထက်အောင်၊ ပဲခူးတိုင်းမှ မောင်ကျော်စွာလင်းနှင့်ရန်ကုန်တိုင်းမှ မောင်အောင်တို့ပါဝင်ယှဉ်ပြိုင်တီးခတ်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသမီး) ဂီတာအတီးပြိုင်ပွဲကျင်းပရာ **'မိဘမေတ္တာ (ကာလပေါ်)'** သီချင်းဖြင့် ရန်ကုန်တိုင်းမှ မသီရိလှိုင်နှင့် မနွေဇင်ဝင်းတို့ ပါဝင်ယှဉ်ပြိုင်တီးခတ်ကြပြီး ညနေပိုင်းတွင် ရပ်နားလိုက်သည်။

**ယနေ့ဆက်လက်ကျင်းပမည်**

အောက်တိုဘာ၁၉ရက်တွင် အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)ပတ္တလားအတီးပြိုင်ပွဲနှင့် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲတို့ကိုဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

## မိတ္ထီလာမိုးကုတ်ရိပ်သာ ကထိန်သင်္ကန်းကပ်လှူမည်

ရန်ကုန် အောက်တိုဘာ ၁၈

မန္တလေးတိုင်း မိတ္ထီလာမြို့ ကံဦးရပ် ကြည်ကုန်းနယ်မြေ ကျောင်းသစ်ကျောင်း မိုးကုတ်ရိပ်သာ အဖွဲ့ခွဲအမှတ်(၁၂၉)၏ ဉာဏ်တော်ပူဇော်ပွဲနှင့် မိတ္ထီလာစက်ပြင် သမဝါယမနှင့် ဓမ္မမိတ်ဆွေယောဂီအပေါင်း စုပေါင်း၍ မဟာဘုံကထိန်းပွဲကို သီတင်းကျွတ်လပြည့်ကျော် ၄ရက် (နိုဝင်ဘာ ၁ ရက်)တွင် ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသော အလှူရှင်များသည် ဖုန်း ၀၆၄-၂၂၁၆၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားသည်။ **(က-ပ)**

# ရသေ့တောင်မြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်

ရသေ့တောင် အောက်တိုဘာ ၈

**ရသေ့တောင်မြို့နယ် ပြားချောင်းကြီးကျေးရွာအုပ်စု ပြားချောင်းကြီးကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၂၉ရက်က ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးစာကြည့်တိုက် အဆောက်အအုံတွင်ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်စွာညွန့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးမှူး ဦးသိန်းတန်အောင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်အေးညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းတန်အောင်က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေးအတွက် ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ် ၅၅အုပ်ပေးအပ်လှူဒါန်းကြသည်။ **(အောက်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**





**စက်တင်ဘာ ၂၁ ရက် က ကျောက်တန်းမြို့နယ် ဆင်မကောက်ကျေး ရွာ နှစ်လက်မ စက်ရေတွင်း ရေချိုတူးဖော် ထွက်ရှိ မှု အ ခြေ အ နေ ကို အမှုဆောင်အရာရှိ ဦးကြည်တင် စမ်း သပ်မောင်း နှင် ၍ ရေအရည်အသွေး ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။**

(က-ပ)

# ကျေးလက်သတင်းနှင့် မြင်ကွင်း

## ဖဲကြိုးဖြတ်ဖွင့်လှစ်

**အောက်တိုဘာ ၈ရက်က သုံးခွမြို့နယ် ပုလဲကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲတွင် ပညာရေးမျှော်မှန်းချက် ကျောက်စာတိုင်ဖွင့်ပွဲ အခမ်းအနားပြုလုပ်ရာ မြို့နယ်ပညာရေးမှူး ဦးဝင်းရှိန်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်ဝေနှင့် ထူးချွန် ကျောင်းသားများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**

# မြို့နယ်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ကောလင်း အောက်တိုဘာ ၃**

ကောလင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဌာနဆိုင်ရာ တာဝန်ရှိသူများလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၅ရက်က မြို့နယ်ရုံးအစည်းအဝေး ခန်းမဆောင်တွင် ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်ဥက္ကဋ္ဌဦးမင်းလွင်က မိုးရာသီစိုက်ပျိုးရေရရှိရေး၊ စီမံကိန်းဝင်သီးနှံအပြည့်အဝစိုက်ပျိုးရေး၊ လမ်းတံတားပြုပြင် ထိန်းသိမ်းရေး၊ ဒုစရိုက်မှုနှိမ်နင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဆောင်ရွက်ရေးတို့ကို ရှင်းလင်းပြောကြားသည်။ **(ဝ၂၆)**

# သာစည်မြို့နယ်တွင် အလင်းရောင်စာကြည့်တိုက်ဖွင့်

**သာစည် စက်တင်ဘာ ၃၀**

ကိုယ့်အားကိုယ်ကိုး အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၉ရက်က သာစည်မြို့နယ် တောကင်းကျေးရွာအုပ်စု တောကင်းကျေးရွာတွင် ပြုလုပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးအေးလူနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းတင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက်မြို့နယ်ဥက္ကဋ္ဌဦးအေးလူက အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းတင့်က စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်၊ စာအုပ်တိုးပွားရေးနှင့် စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် ရှင်းလင်းပြောကြားသည်။

**(မြို့နယ် ပြန်/ဆက်)**



**စက်တင်ဘာ ၂၄ရက်က မြောင်းမြမြို့နယ် ပြင်စလူမြို့ကုန်းကြီးကျေးရွာ အုပ်စု ဝါးဘိုးကုန်း၊ ကျားချောင်းနှင့် အောင်လှိုင်ကျေးရွာအတွင်းရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းက နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။** (က-ပ)

**ကျိုင်းတုံမြို့ ယန်းလော-ကတ်ထိုက် ကျေးလက်လမ်း အရှည်ပေ၂၃၄၀၊ အကျယ် ၁၂ပေ ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်းကို အောက်တိုဘာ ၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လုပ်ငန်းတာဝန်ခံ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးကျော်သူမြင့် ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဉာဏ်ထွန်းတို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ကြစဉ်။**

(မြို့နယ်စည်ပင်)



**ကြို့ပင်ကောက်မြို့နယ် ဦးစီးမှူး ဦးမျိုးသွင် နှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးနိုင်ရေးအတွက် အောက်တိုဘာ ၆ရက်က သပြေရုံ ကျေးရွာတွင် ကွင်းဆင်းဆောင်ရွက်ရာ သာ ယာ ဝ တီခရိုင် ဦးစီးမှူး ဦးယဉ်ထွေး ကြီးကြပ်ဆောင် ရွက်စဉ်။** (၀၄၀)







**အောက်တိုဘာ ၁၀ရက်က ပေါင်းတည် မြို့ နယ် မြောက်ကုန်းကြီးနှင့် ကွေ့မရွာ ဆက်သွယ်သောလမ်းအား မြို့နယ်စည်ပင်သာယာရေး အ ဖွဲ့ က ဆောင်ရွက်လျက်ရှိရာ လမ်း တိုးတက်ကောင်းမွန်ရေးနှင့် ရေရှည်ခိုင် ခံ့ ရေး အတွက် အမှုဆောင်အရာရှိ ဦးအောင်ကြိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်ဝေတို့ ကွင်းဆင်း ဆောင်ရွက်ပေးကြစဉ်။** (၄၀၃)

# ပညာပေးဟောပြော

**ဟိုပုံး စက်တင်ဘာ ၂၅**

ဟိုပုံးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် ငယ်ရွယ်သူ အမျိုးသမီးများ အသိပညာပေးဟောပြောပွဲကို ကျောင်းခန်းမဆောင်၌ စက်တင်ဘာ ၂ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သင်းကြည်က အမှာစကား ပြောကြားပြီး မြို့နယ်တရားသူကြီး ဒေါ်မာလာ၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်စမ်းစမ်းအေးတို့က ဥပဒေရေးရာ ဆိုင်ရာများ၊ ကျောင်းဆရာမ ဒေါ်သန်းသန်းက အမျိုးသမီးငယ်ရွယ်သူများ၏ ဝတ်စားဆင်ယင်မှုနှင့် ယဉ်ကျေးမှုဆိုင်ရာများကို ပညာပေး ဟောပြောကြသည်။

**(မြို့နယ် ပြန်/ဆက်)**










## Job Opportunity in New Restaurant

(for local service/ salary in kyat only)

| | |
|---|---|
| 1/ Chief Cook (Myanmar/ Thai/ Chinese/ Vietnamese) | M/F (1) post |
| 2/ Asst. Restaurant Manager | M/F (2) post |
| 3/ Second cook | M/F (1) post |
| 4/ Kitchen Helper | M/F (2) post |
| 5/ Waiter | M (7) post |
| 6/ Bartender | M/F (1) post |

A copy of labour Registration card.

Please send your resume in English with recent photo to Mrs Naya

Room 806, Grand Mee Ya Hta Executive Residences. No. 372, Bogyoke Aung San Road, Pabedan T/s, Yangon.

## ရေချိုပုစွန်သားပေါက်များရရှိပြီ

ကျွန်တော်များသားပေါက်စခန်းမှ သားဖောက်ထုတ်လုပ်သည့် ကျန်းမာသန်စွမ်းသော ရေချိုပုစွန်သားပေါက်များကို အောက်တိုဘာလမှ စတင်၍ လိုသလောက်ဝယ်ယူရရှိနိုင်ပြီ ဖြစ်ပါသည်။ လူကြီးမင်းများအနေဖြင့် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

B.T.B ကုမ္ပဏီလီမိတက်

အနောက်ကြို့ကုန်း၊ အင်းစိန်။

ဖုန်း-၀၁-၂၁၁၃၇၅၊ ၂၂၀၆၃၃၊၂၁၀၀၈၂၊ ၀၉-၅၀ ၀၆၉၁၇။

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ သတ္တုတွင်းဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
# သတင်းကြေညာချက်

**ရန်ကုန်မြို့။ ၁၃၃၆ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်။**
**၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်။**

၁။ ၂၀၀၄ ခုနှစ် အောက်တိုဘာလ၂၇ရက်မှစ၍ နှစ်လယ်မြန်မာ့ ကျောက်မျက်ရတနာပြပွဲကို မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ကျင်းပမည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများအား သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက် ဝယ်ယူခွင့်ပြုပါမည်။

၂။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များအား နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကာလအတွင်း ရတနာပြပွဲ ကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်တွင် ကျောက်မျက်ရတနာများ ရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ်ပေးမည်ဖြစ်ပါသည်။

၃။ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက် လိုသူများနှင့် ကျောက်မျက်ရတနာများ ရောင်းချရန် အရောင်းကောင်တာများ ရယူလိုသူများသည် ၂၀၀၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာ ဆပ်ကော်မတီရုံးအဖွဲ့နှင့် ကျောက်မျက်ရတနာ ဈေးကြီးကြပ်ရေးအဖွဲ့များနှင့် ဆက်သွယ်၍ ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူး**
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။**






## ဒေါ်ဟောက်လွန်းကျင် ၄/တတန(နိုင်)၀၀၂၅၁၇နှင့် အများသိစေရန်

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်၊ ရှမ်းလမ်း (ဗဟိုလမ်း)၊ အမှတ် ၃၈၊ (၈)လွှာနေ ဒေါ်ဟောက်လွန်းကျင်သည် ကျွန်ုပ်၏မိတ်ဆွေဒေါက်တာရန်နိုင်ဆွေ ၁၂/ကမရ(နိုင်)၀၀၁၅၉၇ ထံမှ ၁-၅-၂၀၀၃ ရက်နေ့တွင် နှစ်ဦးသဘောတူ ငွေယုံကြည်အပ်နှံခြင်း ကတိစာချုပ်ဖြင့် ငွေကျပ်သိန်းငါးဆယ် (၅၀၀၀၀၀၀ိ) ရယူခဲ့ပြီး ၁-၆-၂၀၀၃ ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပေးအပ်ရန် ကတိပြုခဲ့သော်လည်း ယနေ့ထိတိုင် ထိုငွေကျပ်သိန်းငါးဆယ်ကို ပြန်လည်ပေးအပ်ခြင်းမရှိ၊ ယုံကြည်အပ်နှံမှုကို ဖောက်ဖျက်လျက်ရှိပါသည်။

ဤကြေညာစာပါသည့်နေ့မှ (၇)ရက်အတွင်း ဒေါက်တာရန်နိုင်ဆွေထံ ဆက်သွယ်ဖြေရှင်း ဆောင်ရွက်ပါရန် အသိပေးကြေညာအပ်ပါသည်။

လိုက်နာရန်ပျက်ကွက်ပါက ဥပဒေအရ အရေးယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

**ညွှန်ကြားချက်အရ**

**ဦးဇော်ဝင်း**
**B.A.(Law).,LL.B.,D.B.L.,D.M.L.,D.A.Psy**
**တရားရုံးချုပ်ရှေ့နေ(စဉ်-၁၈၄၅)**
**အမှတ် ၂၀၅ (ဒု၀)၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၃၇၈၁၈၅။**

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## ချိပ်ပိတ်တင်ဒါ(Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေ(Kyats)ဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

| စဉ် | ချိပ်ပိတ်တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| 1. | 13(T)4/MR(ML) 2004-2005 | Machinery & Equipments | 41-Items |

**ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်**-၂-၁၁-၂၀၀၄ (အင်္ဂါနေ့) ၁၂:၀၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၂-၁၀-၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန မြန်မာ့မီးရထား**
**ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၂၉၁၉၈၂၊ ၂၀၁၅၅၅၊လိုင်းခွဲ-၆၀၂၊ ၆၀၅၊၆၁၂။**

## သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည် ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်းတောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်း သိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက်အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း - ၁၉၉
(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး - ၂၉၁၂၈၅၊ ၂၉၁၂၈၄
(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ - ၅၄၁၉၀၅၊ ၅၄၁၉၀၄

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။**



## ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များဟဲဟိုးမြို့နယ် ဘော်နင်းကျေးရွာအုပ်စု အင်ခေါင်ကျေးရွာတွင် ရွှေရင်အေးစပါးစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းအားလုံး ဖွံ့ဖြိုးတိုးတက်လာရေး အုပ်ချုပ်ရေး၊စီးပွားရေး၊လူမှုရေးကိစ္စရပ်များ ထိထိရောက်ရောက်ဖော်ဆောင် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူတည်ဆောက်

**ရန်ကုန် အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အောက်တိုဘာ ၁၆ ရက် နံနက် ၈နာရီတွင် ကျိုင်းတုံမြို့လေယာဉ်ကွင်းလမ်းရှိ သာသနာ့ဗိမာန်တော်ကြီး၌ကျင်းပသော တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၏ ဆွမ်းဆန်တော်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး ဆွမ်းဆန်တော်နှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

*စာမျက်နှာ ၈ ကော်လံ ၁*



အဆင့်မြင့် ပညာအဆင့်(အမျိုးသား) ဂီတာပြိုင်ပွဲတွင် ပဲခူးတိုင်းမှ မောင်ဇော်ဇော်အောင် ယှဉ်ပြိုင်တီးခတ်နေစဉ်။ ဓာတ်ပုံ-ထွေးကြည်(မြန်မာ့အလင်း)



## မြန်မာမှု မြန်မာ့ဟန် အစဉ်အလာများ ဖော်ညွှန်းတင်ဆက်

## ပညာရှင်အဆင့် အကယှဉ်ပြိုင်

ပညာရှင်အဆင့်(အမျိုးသား) အကပြိုင်ပွဲတွင် မကွေးတိုင်းမှ တိုင်းချစ်တင်ငွေ ပါဝင်ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)



ပညာရှင်အဆင့် (အမျိုးသား)အကပြိုင်ပွဲတွင် မြန်မာ့ဆိုင်းဝိုင်းကြီးနှင့်အတူ စစ်ကိုင်းတိုင်းမှ ပန်တျာအောင်ဝင်း ပါဝင်ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)



## အကယှဉ်ပြိုင်

အခြေခံအဆင့်(၁၅–၂၀)နှစ် (အမျိုးသမီး)အကပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ အေးချမ်းမြတ်ဖြိုး ပါဝင်ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

## နှဲပြိုင်ပွဲယှဉ်ပြိုင်

အခြေခံအဆင့်(၁၀–၁၅)နှစ် (အမျိုးသား) နှဲပြိုင်ပွဲတွင် မကွေးတိုင်းမှ ကျော်ကိုလတ် ပါဝင်ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)





သတင်းအကျယ် စာမျက်နှာ(၁၂)